# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း (၅)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (20-5-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၂၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia ကို လက်ခံတွေ့ဆုံ



**နေပြည်တော်　မေ　၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲသံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့်စီမံကိန်းများအပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်ရေးကိစ္စများ၊

**စာမျက်နှာ ၂၃ ကော်လံ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia ကို လက်ခံတွေ့ဆုံစဉ်။

## တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ ကိုယ်ကျိုးရှာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော မောတောင်မြို့ကို အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်

**နေပြည်တော်　မေ　၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း တည်ရှိသည့် မောတောင်မြို့သည် မြန်မာနိုင်ငံအောက်ပိုင်းရှိ အရှေ့ဘက်အကျဆုံးမြို့ဖြစ်ပြီး ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသော မြန်မာနိုင်ငံ၏နယ်စပ်ကုန်သွယ်ရေးစခန်းရှိသည့် နယ်စပ်မြို့ဖြစ်သည်။မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများနှင့် ဒေသထွက်ကုန်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရာ၌ မြိတ်-မောတောင်မှ ထိုင်းနိုင်ငံသို့ တင်ပို့ပါက အချိန် ခုနစ်နာရီခန့်သာကြာသည့် အနီးဆုံးလမ်းကြောင်းဖြစ်ပြီး မောတောင်မြို့မှာ စီးပွားရေးအရ အရေးပါသည့် နယ်စပ်မြို့တစ်မြို့လည်းဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် အရေးပါသော နယ်စပ်မြို့ဖြစ်သည့် မောတောင်မြို့၌ ရိုးသားစွာနေထိုင်လုပ်ကိုင်စားသောက်နေထိုင်ကြသည့် ပြည်သူများကို CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်မှုနှင့်အတူ KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက

**စာမျက်နှာ ၂၀ ကော်လံ ၁**




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့ကို ပြန်လည်သိမ်းပိုက်ရရှိစဉ်။




ရတနာပုံ
၂၀၂၆ ခုနှစ် မေ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ

နိုင်ငံတော်အစိုးရသည် နယ်ပယ်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အားကစားကဏ္ဍသည်လည်း တစ်ခုအပါအဝင်ပင်ဖြစ်သည်။ အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ဖော်ထုတ်ပြသနိုင်သောပြိုင်ပွဲဖြစ်ပြီး ထိုအားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသော စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ်သည်။

ထို့ပြင် အားကစားဆိုသည်မှာ အမြဲတမ်းလေ့ကျင့်နေရသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အားကစားသမားများအနေဖြင့် အားကစားပညာရပ်ပိုင်းဆိုင်ရာများတွင် ကျွမ်းကျင်မှုပိုမိုကောင်းမွန်စေရေးအတွက် နည်းပြများ၏ သွန်သင်ပြသမှုအတိုင်း လိုက်နာလုပ်ဆောင်ကြရမည်ဖြစ်သည့်အပြင် အားကစားတွင်ထူးချွန်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရေး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကြိုးစားမှု၊ ရိုးသားမှု၊ လိုက်နာမှုတို့ကို အခြေခံကြရသည်။

ထို့ပြင် အားကစားသမားများသည် အနိုင်မခံအရှုံးမပေးသည့်စိတ်၊ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ မလျှော့သော ဇွဲ၊ လုံ့လတို့ဖြင့် အောင်မြင်မှုရရှိရေးအတွက် ကြိုးစားကြရသည်။ အားကစားသမားတိုင်းသည် ထူးချွန်အားကစားသမားများအဖြစ်မှသည် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများအဖြစ်သို့ တက်လှမ်းနိုင်အောင်ကြိုးစားပြီး နိုင်ငံအတွက် အောင်မြင်မှုများဆွတ်ခူးပေးကြရမည်ဖြစ်သည်။

လက်ရှိတွင် ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ ၁၆ ရက်မှ ၂၃ ရက်ထိ မလေးရှားနိုင်ငံ၌ ကျင်းပလျက်ရှိပြီး မြန်မာပိုက်ကျော်ခြင်းအသင်းသည် ပြိုင်ပွဲအမျိုးအစား သုံးမျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းသည် နိုင်ပွဲများဆက်တိုက်ရရှိထားသည်ကို ဂုဏ်ယူဖွယ်သိရသည်။

ထို့ပြင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ မေ ၁၄ ရက်မှ ၁၇ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည့် အကြိမ် (၂၀)မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ကိုးခု စုစုပေါင်း ဆုတံဆိပ် ၂၅ ခုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့် (၁)ကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့သည်။ ထိုသို့ ဆုတံဆိပ်များကို ဆွတ်ခူးပြီး နိုင်ငံအလိုက် အဆင့်(၁)ရရှိအောင်စွမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သော အားကစားသမားများအတွက် များစွာလေးစားဂုဏ်ယူမိပါသည်။

ပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းလွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများဖြစ်သည်။ ယခုကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင် နိုင်ပွဲရအားကစားသမားများသည် ၎င်းတို့၏ ကြိုးစားအားထုတ်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်ပွဲဆွတ်ခူးကာ နိုင်ငံနှင့်ပြည်သူအတွက် အဖိုးတန်ဆုတံဆိပ်များ ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းအတွက် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ထို့ပြင် မျိုးဆက်သစ်အားကစားသမားများကလည်း နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်ထက်မြက်သော အားကစားသမားများကိုအတုယူ၍ နိုင်ငံတော်၏အားကစားကဏ္ဍမြင့်မားစေရေးအတွက် အားသွန်ခွန်စိုက်ကြိုးစားကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၄၁၁၁ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ကြံစိုက်ခင်းကို တွေ့ရစဉ်။

ခင်ဦး မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၄၁၁၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ကြံ ၄၁၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်မှစတင်၍ ဇူလိုင်လ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကြံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ကြံဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ကြံစိုက်ပျိုးမှုကို ဇွန်လပထမပတ်ထဲမှာ စတင်စိုက်ပျိုးသွားမှာပါ။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ဒေသခံတောင်သူတွေက ကြံကို ပုံမှန်စိုက်ကြပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြပြီး မိုးစိုက်နှင့် ရေတင်စိုက်များကို ဦးစားပေးစိုက်ပျိုးကြောင်း သိရသည်။

ကြံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ငပုတော မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲဧက အားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီက မတ်ပဲ ၂၆၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မတ်ပဲစိုက်ခင်းများကို ယခုနှစ် မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မတ်ပဲဧက အားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရိတ်သိမ်းခဲ့သော မတ်ပဲတစ်ဧက လျှင် ၂၂ ဒသမ ၅၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

" ဒီနှစ် ငပုတောမြို့နယ်မှာ မတ်ပဲဧက ၂၆၀၀ ကျော်ထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မတ်ပဲဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးပါပြီ။ ရိတ်သိမ်းပြီးတဲ့ မတ်ပဲတွေက ပိုးမွှားကင်းစင်ပြီး အရည်အသွေး ကောင်းပါတယ်။ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားကင်းရှင်းစေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်''ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့်မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ဝမ်းတွင်းမြို့နယ် ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း မေ ၁၉

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွဲတပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ် ၃၁ ဒသမ ၅သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၄ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၆ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများလည်းပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် ဖက်တောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပျော်ဘွယ် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ဖက်တောကျေးရွာ၌ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များနှင့် အတူ ဖက်တောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဖက်တောကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဒသမ ၁၆ သန်း စုစုပေါင်း ငွေကျပ် ၃၀ ဒသမ ၁၆ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၆ ခုနှစ် မေလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ဝေါမြို့နယ် ရှမ်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်များ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရှမ်းစုကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၉၈၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၅၉၈၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၅၉၈၆ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုလက်ရှိအချိန်မှာတော့ မြေပဲ သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲ ၅၉၈၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို မေလ စတုတ္ထပတ်ထဲမှာ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲ စိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုင်းတုံမြို့နယ် မိုက်ဆလီနံပါတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ကျိုင်းတုံ မေ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုက်ဆလီနံပါတ် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိမြတ်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်းနှင့် တာဝန်ရှိသူများက မိုက်ဆလီနံပါတ်ကျေးရွာတွင် စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ ကာလအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးသည်။

မိုက်ဆလီနံပါတ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၄၄၇ သိန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

**မောင်ခိုင်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဧပြီလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ဒီဘက်ကနေ ညှော့မထဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ညှော့မထဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်ကအခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ တစ်လအတွင်းမှာကော လတ်တလော အနေနဲ့ပါ ညှော့မထဆန် အမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံကျောက်စာရေးသူများ

မောင်သာ(ရှေးဟောင်းသုတေသန)

**❖ သက္ကရာဇ် ၅၈၀ ပြည့်နှစ်တွင် ရေးထိုးသည့် ပြာသာဒ်လှကျောင်းကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ ပုဂံ မင်းနန်သူရွာ ကွန်းစင်ကြယ်ပြာသာဒ်လှကျောင်းတွင် တည်ရှိသည်။ ထိုကျောက်စာတွင် ရေးသားသူအမည်ကို စာရိယ်သောသ္ခင်ဟုရေးထိုးထားသဖြင့် သ္ခင်ဟူသည့် အသုံးအနှုန်းအရ ကျောက်စာရေးသူသည် ရဟန်းတစ်ပါးသော်လည်းကောင်း၊ မင်းမှုထမ်းတစ်ဦးသော်လည်းကောင်းဖြစ်မည်ဟု ယူဆရသည်။ ထို့အတူ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကျောက်တိုင်အမှတ်(၄၃)အဖြစ် ထိန်းသိမ်းပြသထားသည့် သက္ကရာဇ် ၅၉၇ ခုနှစ်တွင် ရေးထိုးသည့် ရတနာကုံထံ နှစ်မျက်နှာထိုးကျောက်စာတွင်လည်း ကျောက်စာရေးသူအမည်ကို ဖော်ပြထားသည်။ ❖**

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ကျောက်စာများကို ဖတ်ရှုလေ့လာရာတွင် ကျောက်စာပါစာသားများကို မည်သူက ရေးပေးခဲ့သည်ဆိုသည့် အချက်သည် စိတ်ဝင်စားဖွယ် အကြောင်းအရာတစ်ခုဖြစ်လာခဲ့သည်။ ပုဂံကျောက်စာများကို အများအားဖြင့် အလှူရှင်ကိုယ်တိုင်ကဖြစ်စေ၊ ရဟန်းတစ်ပါးပါးက ဖြစ်စေ၊ စာတတ်ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ရေးထိုးပေးခြင်းဖြစ်မည်ဟု မှန်းဆကြည့်နိုင်သည်။

ပုဂံခေတ်စာတတ်မြောက်မှု ရာခိုင်နှုန်းကိုခန့်မှန်းတွက်ချက်ရန် မလွယ်ကူသော်လည်း ပုဂံသားအများစုက စာတတ်မြောက်ကာ စာကိုကောင်းစွာဖတ်ရှုနိုင်ကြမည်ဟု ခန့်မှန်းရသည်။

ကျစွာမင်း (၁၂၃၅-၁၂၅၁) လက်ထက်တွင် အိမ်ခြေ ၅၀ အထက်ရှိသည့် ရွာများတွင် အမိန့်ပြန်တမ်းကျောက်စာများကို စိုက်ထူခဲ့သည်။ လစဉ် လပြည့်၊ လကွယ်နေ့တိုင်းတွင် ရွာလူကြီးနှင့် ရွာသူ၊ ရွာသားများသည် ကျောက်စာတိုင်တွင် စုရုံးကြရသည်။ ရွာသူကြီး သို့မဟုတ် စာတတ်သူတစ်ဦးက ကျောက်စာတိုင်တွင် ရေးထိုးထားသည့် အမိန့်တော်ကို ဖတ်ပြပြီး ရွာသူ၊ ရွာသားများက ရိုသေစွာနာယူကြရသည်။ ထို့ကြောင့် စာမဖတ်တတ်သူများလည်း ရွာတိုင်း၌ရှိခဲ့မည်ဟု မှန်းဆရပေသည်။

**ပုဂံခေတ်ကျောက်စာရေးထိုးခြင်း**

ပုဂံခေတ်ထိုးကျောက်စာများသည် သတ်ပုံသတ်ညွှန်းနှင့် ညီညွတ်မှုမရှိခြင်းသည် ထိုအချိန်က သတ်ပုံသတ်ညွှန်း သတ်မှတ်ချက်မရှိဘဲ အသံထွက်အတိုင်း ရေးထိုးခဲ့ခြင်းကြောင့်ဖြစ်နိုင်သည်။ မိမိရေးထိုးလိုသည့်အကြောင်းကို လွတ်လပ်စွာရေးကြသဖြင့် နှစ်ပေါင်းထောင်ကျော်ကြာမြင့်လာချိန်တွင် မျက်မှောက်ခေတ် လေ့လာသူများအဖို့ အလွယ်တကူနားလည်သည့် အရေးအသားများရှိသကဲ့သို့ ဆက်စပ်ကြံဆကာ အဓိပ္ပာယ်ဖော်ရသည့် အကြောင်းအရာများလည်းရှိလာခဲ့သည်။ နားမလည်နိုင်သည့် အချက်အလက်၊အကြောင်းအရာ၊အရေးအသားများကိုလည်း တွေ့ရှိရသည်။

သမိုင်းပညာရှင် ဒေါက်တာတိုးလှက ပုဂံခေတ်သည် ပဒေသရာဇ်လူမှုအဖွဲ့အစည်းဖြစ်ကာ လူတန်းစားသုံးရပ်ဖြင့် စုစည်းထားကြောင်းရေးသားခဲ့သည်။ ၎င်းတို့သည် မင်း၊ မှူးမတ်၊ ဗိုလ်ပါနှင့် အမှုထမ်းများပါဝင်သည့် အုပ်ချုပ်ရေးဆိုင်ရာအစု၊ အများပြည်သူဖြစ်သော အသည်အလာအစုနှင့် အရပ်ရပ်ကျွန်အစုတို့ဖြစ်သည်ဟုဆိုသည်။ အများပြည်သူအစုတွင် သူဌေးသူကြွယ်များနှင့် ကုန်သည်များပါဝင်သကဲ့သို့ လက်မှုပညာသည်များနှင့် အနုပညာသည်များလည်း ပါဝင်သည်။ သာသနာ့ဝန်ထမ်း ရဟန်းသံဃာများကို လူမှုအဖွဲ့အစည်းတွင် ထည့်သွင်းထားခြင်းမရှိပေ။

ပုဂံခေတ်တွင် ကျောက်စာများကို ရေးထိုးစိုက်ထူခဲ့သူများသည် အုပ်ချုပ်ရေးဆိုင်ရာအစုမှ ပုဂ္ဂိုလ်များနှင့် အများပြည်သူအစုမှ သူဌေးသူကြွယ်များက အများဆုံးဖြစ်၍ ရဟန်းတချို့ကလည်း ကျောက်စာများရေးထိုးခဲ့သည်။ သို့သော် လူမှုအဆင့်နိမ့်ပါးသူများဟုဆိုသည့် ကျွန်များကမူ ကျောက်စာရေးထိုးနိုင်ခြင်းမရှိခဲ့ချေ။

ပုဂံခေတ်တွင် ရဟန်းများသည် စာတတ်ပုဂ္ဂိုလ်များဖြစ်သဖြင့် ကျောက်စာထိုးမည့် စာသားများကို ရဟန်းများက ရေးပေးခြင်းရှိနိုင်သကဲ့သို့ အခြားစာတတ်ပုဂ္ဂိုလ်များက ရေးပေးခဲ့ခြင်းလည်း ရှိနိုင်မည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များကို ကျောက်ရေးဆရာဟုခေါ်ဆို၍ ကျောက်ရေးဆရာများတွင် အရာရှိမှူးမတ်များ၊ ရဟန်းများ၊ ရဟန်းလူထွက်များ၊ ကျောက်ထွင်းသမားများပါဝင်မည်ဟု ယူဆနိုင်ဖွယ်ရှိသည်။

ပုဂံခေတ်အစောပိုင်းတွင်ရေးထိုးသည့် ကျောက်စာများတွင် ကျောက်စာရေးသူအမည်ကို ထည့်သွင်းဖော်ပြခဲ့ခြင်းမရှိသော်လည်း သက္ကရာဇ် ၅၇၈ ခုနှစ်နောက်ပိုင်းတွင် ရေးထိုးသည့် ကျောက်စာတချို့တွင် ကျောက်စာရေးသူအမည်ကို ထည့်သွင်းရေးထိုးခဲ့ကြသည်။ ကျောက်စာရေးထိုးသည့် အလေ့အထများလာချိန်တွင် ကျောက်စာရေးသူ၏အမည်ကို မှတ်တမ်းပြုလာသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

ကျောက်စာတစ်ချပ်ပေါ်ထွက်လာရန် ရေးထိုးမည့်အကြောင်းအရာ၊ ထိုအကြောင်းအရာကို မှတ်တမ်းတင်သူ၊ ကျောက်စာချပ်ကို ပြုလုပ်မည့်သူနှင့် ကျောက်စာပေါ်တွင် စာများရေးထွင်းမည့်သူတို့ ပေါင်းစည်းဆောင်ရွက်ရမည်ဖြစ်သည်။ ကျောက်စာရေးထိုးသည့် အလှူရှင်အမည်သည် ကျောက်စာတိုင်းနီးပါးတွင်ပါရှိသော်လည်း အချို့ကျောက်စာများတွင် အလှူရှင်အမည်မပါရှိဘဲ အလှူရှင်တစ်ဦးဟုသာ သိရှိနိုင်သည့် ကျောက်စာများကိုလည်း တွေ့ရှိရသည်။

သို့သော် ကျောက်စာတစ်ချပ်တွင် ကျောက်စာပါအကြောင်းအရာကို မှတ်တမ်းပြုသူ၊ ကျောက်စာထိုးမည့် စာသားများကို ရေးသားပေးသူ၊ ရေးထိုးသူကျောက်ထွင်းပညာသည်အမည်တို့ မပါရှိခြင်းသည် ဟာကွက်တစ်ခုနှယ်ဖြစ်နေခဲ့သည်။ ထိုဟာကွက်ကို ဖြည့်ဆည်းသည့် ပထမဆုံးပုဂံကျောက်စာသည် သက္ကရာဇ် ၅၂၇ ခုနှစ်တွင် ရေးထိုးသည့် အထောလတ်ကျောက်စာဖြစ်သည်။ ကျောက်စာတွင် အလှူရှင်အထောလတ်ကို အရင်းမူ၍ရေးသော ကလန်နှင့် သံပျင်အမည်များကို ဖော်ပြထားသည်။

အထောလတ်ကျောက်စာသည် သုံးမျက်နှာထိုးကျောက်စာဖြစ်၍ ပုဂံဓမ္မရံကြီးဘုရားမြောက်ဘက်မုခ်အတွင်း၌ ရှိသည်။ ကျောက်စာ စာကြောင်းရေ (၄)မှ (၇) ထိ "အထာဝ်လတ် အရင်းမူရှယ္ဆ ရိယ်ပါသောကလာန် အိအ်ဖုဟ်တောင်။ ကလာန်လုံ၊သံပျာင် ဥဟ်။ သံပျာင် (မု)န် သ္မိဟ် ပယ်ပုတ်။ ဤယ် မျှအ်သော ။ သူတိုဥ္ဆ ရိယ်ရစ်သော" စသည်ဖြင့် ကျောက်စာရေးသူအမည်များကို ဖော်ပြထားသည်။

**ကျောက်စာရေးသူများ**

သက္ကရာဇ် ၅၇၀ ပြည့်နှစ်တွင် ရေးထိုးသည့် ငါစန်သင်ကျောက်စာ(ကျောက်စာတိုင်အမှတ်(၁၅) ပုဂံရှေးဟောင်းသုတေသနပြတိုက်) တွင်လည်း ကျောက်စာရေးသူအမည်များကို ဖော်ပြထားရာ ဤစာရေးသူ ငပိုင်သင်ရေးသတည်း၊ ငကုသင်ရေးပါသတည်းဟု မှတ်တမ်းတင်ခဲ့သည်။

သက္ကရာဇ် ၅၇၇ ခုနှစ်တွင် ရေးထိုးသည့် ပင်းစက္ကလန်ပကျောက်စာတွင် စာရေးသူက စန်မာငါဟု ဖော်ပြထားသည်။ ထိုကျောက်စာသည် ရေနံချောင်းမြို့နယ်ရှိ ပင်းစက္ကလန်ပဘုရားတွင် တည်ရှိသည်ဟု ရှေးဟောင်းမြန်မာကျောက်စာများ စာအုပ်တွင် ဖော်ပြထားသည်။

ကျောက်စာရေးသူအမည်ပါရှိသည့် နောက်ထပ်ကျောက်စာတစ်ချပ်သည် သက္ကရာဇ် ၅၇၈ ခုနှစ်တွင် ရေးထိုးသည့် ဖုန်သည် ငါဖုန်ဆုံမ်ကျောက်စာဖြစ်သည်။ ထိုကျောက်စာကို မန္တလေးနန်းတွင်း ကျောက်စာရုံတွင် ကျောက်တိုင်အမှတ်(၂၉၆) အဖြစ် ထိန်းသိမ်းထားသည်။

ဖုန်သည် ငါဖုန်ဆုံမ်ကျောက်စာကို တွေ့ရှိခဲ့စဉ်က နှစ်ပိုင်းကျိုးဖြစ်ကာ အထက်ပိုင်းသည် ကျောက်စာတိုင်အမှတ် (၂၉၆)ဖြစ်၍ အောက်ပိုင်းသည် ကျောက်စာတိုင်အမှတ် (၄၂၂) ဖြစ်သည်။ ထိုကျောက်စာ အပိုင်းကျိုးနှစ်ပိုင်းကိုဆက်ကာ ကျောက်စာရုံတွင်စိုက်ထူ၍ ကျောက်တိုင်အမှတ် (၂၉၆)ဟု သတ်မှတ်ထားသည်။ ထိုကျောက်စာကို ရေးကူးခဲ့သည့် သုတေသနဝန်ထောက် ဦးငြိမ်းမောင်က ကျောက်စာကို အမည်မပေးဘဲ မန္တလေးနန်းတွင်းရုံအမှတ် (၂၉၆) ဟုသာ ဖော်ပြခဲ့သည်။

ထိုကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ စာကြောင်းအမှတ်(၁၆)တွင် "စာရိယ်သုကာဒါယကာသာ ၁၊ ဟုရာ ၁"ဟု ဖတ်ရှုရသည်။ စာရေးသူကား ဒါယကာသား တစ်ဦး၊ ဟူးရားတစ်ဦးဟု ဆိုလိုခြင်းဖြစ်သည်။ အလှူရှင်ဒါယကာ၏ သားနှင့် ဟူးရားတို့က ကျောက်စာရေးထိုးမည့်စာသားကို စီပေးပြီး ကျောက်ဆရာကိုပေးလိုက်ခြင်းလော၊ ကိုယ်တိုင်ရေးထိုးခဲ့သလောဟူသည်ကား ရှင်းလင်းမှုမရှိချေ။

သက္ကရာဇ် ၅၈၀ ပြည့်နှစ်တွင် ရေးထိုးသည့် ပြာသာဒ်လှကျောင်းကျောက်စာသည် တစ်မျက်နှာထိုးကျောက်စာဖြစ်၍ ပုဂံ မင်းနန်သူရွာ ကွန်းစင်ကြယ်ပြာသာဒ်လှကျောင်းတွင် တည်ရှိသည်။ ထိုကျောက်စာတွင် ရေးသားသူအမည်ကို စာရိယ်သောသ္ခင်ဟု ရေးထိုးထားသဖြင့် သ္ခင်ဟူသည့် အသုံးအနှုန်းအရ ကျောက်စာရေးသူသည် ရဟန်းတစ်ပါးသော်လည်းကောင်း၊ မင်းမှုထမ်းတစ်ဦးသော်လည်းကောင်းဖြစ်မည်ဟု ယူဆရသည်။

ထို့အတူ ပုဂံရှေးဟောင်းသုတေသန ပြတိုက်တွင် ကျောက်တိုင်အမှတ်(၄၃)အဖြစ် ထိန်းသိမ်းပြသထားသည့် သက္ကရာဇ် ၅၉၇ ခုနှစ်တွင် ရေးထိုးသည့် ရတနာ ကုံထံ နှစ်မျက်နှာထိုးကျောက်စာတွင်လည်း ကျောက်စာရေးသူအမည်ကို ဖော်ပြထားသည်။ ထိုကျောက်စာ၏ ကျောဘက်မျက်နှာ စာကြောင်း (၁၉)တွင် "ဤယ်စာရိယ်သကာ ဖိရစ်သမန်" (ဤစာရေးသူကား ဖိရစ်သမန်)ဟု ဖတ်ရှုရသည်။ မင်းမှုထမ်းတစ်ဦးဖြစ်သည်ဟု ဆိုသည်။

ထိုသို့ ကျောက်စာရေးထိုးသူ အမည်ပါရှိသည့် ကျောက်စာစာရင်းကို ဆရာကြီးဒေါက်တာတိုးလှက ထုတ်နုတ်ပြခဲ့ရာ သက္ကရာဇ် ၅၂၇ ခုနှစ်မှ သက္ကရာဇ် ၆၄၃ ခုနှစ်အတွင်း ရေးထိုးခဲ့သည့် ကျောက်စာ ၂၂ ချပ်ရှိသည်။ ထိုကျောက်စာများသည် အားလုံးပြည့်စုံအောင် ကောက်ယူထားသည့် စာရင်းမဟုတ်ဟု ဆိုထားသည်။

ကျောက်စာများတွင် ကျောက်စာရေးသူအမည်ကို ထည့်သွင်းရေးထိုးခဲ့ခြင်းသည် ကျောက်စာပါအကြောင်းအရာများအပေါ် တာဝန်ယူလိုဟန်ရှိမည်ဟုလည်း တွေးဆနိုင်သည်။ ထိုကျောက်စာများတွင် လှူဒါန်းသည့် ကျွန်များ၏အမည်စာရင်း ပါဝင်လေ့ရှိသဖြင့် နောင်အခါတွင် အမှုအခင်း တရားတဘောင်ဖြစ်လာခဲ့ပါက တာဝန်ယူသည့် သဘောမျိုးဖြစ်မည်ဟု ထင်မြင်ကြောင်း ဒေါက်တာတိုးလှက ယူဆခဲ့သည်။ ကျွန်အမည် မှားယွင်းဖော်ပြမိခြင်းမဖြစ်ရအောင် တာဝန်ခံသည့် သဘောလည်းဖြစ်သည်။

**ပုဂံခေတ် မြန်မာစာ**

ပုဂံသားများသည် မြန်မာစကားနှင့် မြန်မာစာပေကို မည်သို့တတ်ကျွမ်းခဲ့ကြောင်း တိကျစွာမသိရှိရသေးသော်လည်း ပုဂံခေတ်မတိုင်မီ ထွန်းကားခဲ့သော ပျူခေတ်တွင်ရေးသားခဲ့သည့်စာပေအရေးအသားများကို ပျူစာပေဟုသတ်မှတ်ထားသည်။ ပျူများရေးခဲ့သည့် စာများကို သရေခေတ္တရာမှရရှိခဲ့သည့် ကျောက်ထွင်းအိုးများနှင့် ရွှေပေလွှာများတွင် အထင်အရှားတွေ့ရှိရသည်။

သရေခေတ္တရာ ပျက်သုဉ်းပြီးနောက် ပုဂံမပေါ်မီ ပျူ ၁၉ ရွာကို စတင်တည်ထောင်ခဲ့သည်ဟု ရာဇဝင်ဆရာများက ရေးသားကြသည်။ ပုဂံခေတ် ခိုင်မာစွာတည်ရှိချိန်တွင် ပျူစာကို ခရစ်နှစ် ၁၁၁၃ ခုနှစ်တွင် ရေးထိုးသည့် ရာဇကုမာရ်ကျောက်စာတွင် တွေ့ရှိရသည်။ သို့သော် နောက်ပိုင်းတွင် ကျောက်စာများကို မွန်ဘာသာ၊ မြန်မာဘာသာတို့ဖြင့်ရေးထိုးခဲ့ရာ မြန်မာကျောက်စာများက အများဆုံးဖြစ်သည်။

ပုဂံခေတ်သုံးမြန်မာစာသည် ပျူစာနှင့်တူညီမှုမရှိသည့်အပြင် ပျူစာမှ ပြောင်းလဲလာသည်ဟုလည်း မဆိုနိုင်ပေ။ ပျူအက္ခရာနှင့်ရေးထုံးသည် မြန်မာအက္ခရာ၊ မြန်မာရေးထုံးများနှင့် တူညီမှုမရှိပေ။ လူမျိုးတစ်မျိုးသည် မိခင်ဘာသာစကားအပြင် အခြားဘာသာစကားများကို ဒုတိယဘာသာ၊ တတိယဘာသာဖြင့် သုံးစွဲကြသည်။ သို့သော် မိခင်ဘာသာစကားသည် တစ်မျိုးတည်းသာရှိသဖြင့် ပျူဘာသာစကားသည် ပျူတို့၏မိခင်စကားဖြစ်ကာ

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရွှေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၂၀၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဦး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဦးခရိုင် ရွှေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲဧက ၂၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲဧက ၂၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ဒုတိယပတ်မှစတင် စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဦးမြို့နယ်မှာ ထောပတ်ပဲဧက ၂၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်း အောင်မြင်ကြပါတယ်"ဟု ရွှေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရွှေဦးမြို့နယ်တွင် ဒေသခံ တောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

ရွှေဦးမြို့နယ်တွင် ထောပတ်ပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

မြန်မာဘာသာစကားသည် မြန်မာတို့၏မိခင်စကားသာဖြစ်သည်။

ထို့ကြောင့် ရာဇကုမာရ်ကျောက်စာတွင် ပျူစာကသီးသန့်၊ မြန်မာစာကို သီးသန့်ရေးထိုးခဲ့ခြင်းကို ထောက်ဆလျက် ထိုအချိန်တွင် ပုဂံ၌ ပျူလူမျိုး သို့မဟုတ် ပျူစာတတ်မြောက်သူများနှင့်မြန်မာလူမျိုး၊ မြန်မာစာတတ်သူများရှိခဲ့ကြောင်း ထင်ရှားနေသည်။ ထို့အတူ မွန်လူမျိုးများနှင့် အခြားတိုင်းရင်းသားမဟုတ်သော နိုင်ငံခြားသားများလည်းရှိကြောင်း ပုဂံကျောက်စာများတွင်ပါရှိသည့် ကျွန်များစာရင်းတွင် တွေ့ရှိနိုင်သည်။

ပညာရှင်တချို့က ပုဂံခေတ်တွင် မြန်မာစာပေသည် ဘာသာရေးကို အကြောင်းပြု၍ တိုးတက်လာသည်ဟုဆိုသည်။ ကျောက်စာများတွင် ရေးထိုးထားသည့် စာလုံးဖွဲ့စည်းပုံနှင့် ဝေါဟာရတချို့သည် မျက်မှောက်ခေတ်သုံးစွဲမှုနှင့် ကွာခြားသော်လည်း ဝါကျဖွဲ့စည်းပုံနှင့် စာအရေးအသား ရှေ့နောက်ပြေပြစ်မှုရှိအောင် စကားပြေရေးသားမှုသည် ယခုခေတ်နှင့် လွန်စွာကွာခြားမှုမရှိဟု ဆိုနိုင်သည်။

ထို့ကြောင့် ကျောက်စာရေးထိုးသည့် နည်းစနစ်နှင့် ကျောက်စာပါ အဓိပ္ပာယ်များကို ယခုခေတ်ကျောက်စာသုတေသီများ သိရှိနားလည်ခြင်းသည် ကျောက်စာအရေးအသားပြေပြစ်မှုကြောင့်ဟု ဆိုနိုင်ကြောင်း ပုဂံခေတ်အခြေအနေစာအုပ်တွင် ဖော်ပြထားသည်။

ဆရာဇော်ဂျီက ရသစာပေအဖွင့်နှင့် နိဒါန်းစာအုပ်တွင် ပုဂံခေတ်ကျောက်စာများသည် မြန်မာစာပေတွင် တောင်ထွတ်ပမာ မြင့်မားထင်ရှား၍ ပုဂံခေတ် ဂူဘုရားများကဲ့သို့ ဆန်းကြယ်သည်ဟု ရေးသားခဲ့သည်။ ထို့အတူ ပါမောက္ခဦးဖေမောင်တင်က မြန်မာစာပေသမိုင်းစာအုပ်တွင် မြန်မာစာပေအရေးအသား၏ အစမူလကိုရှာဖွေလျှင် ကျောက်စာကိုတွေ့ရှိရသည်။ ကျောက်စာသည်ကား မြန်မာစာပေ၏ အုတ်မြစ်ကြီးသဖွယ်ပင်တည်းဟု ရေးသားခဲ့သည်။

ပုဂံခေတ်ထိုးကျောက်စာများသည် ပညာရပ်နယ်ပယ်အသီးသီးတွင် လေ့လာ၍ မဆုံးနိုင်အောင် တန်ဖိုးမြင့်မားသည့် အခိုင်မာဆုံးသော အထောက်အထားများဖြစ်ကြသည်။ ထို့ကြောင့် ခေတ်အဆက်ဆက်တွင် ပုဂံကျောက်စာများကို ရေးထိုးခဲ့ကြသူများအားလုံးသည် နှောင်းလူများကို ပညာမျက်စိဖွင့်ပေးခဲ့သူများတွင် အပါအဝင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ(ဦးငြိမ်းမောင်)**
- **ရဟန်း(တိုးလှ)**
- **မြန်မာစာပေသမိုင်း(ပါမောက္ခဦးဖေမောင်တင်)**
- **ပုဂံခေတ်အခြေအနေ(ဒေါက်တာအေးလှ)**

## စည်း

- ထုပ်ဆီးပွဲ မငြီးပျော်စဉ်
စည်းကျော်လျှင် ဘယ်အမှု၊
ထမင်းရည်ပူ လောင်ကာဟပ်
ရှုံးတတ်သည်ဟု။

- ဘောလုံးပွဲ မငြီးပျော်စဉ်
စည်းကျော်လျှင် ချက်ချင်းရပ်၊
ဒိုင်လူကြီး ခရာသံက
စာစာည် သည်အရေး
ပေးပြစ်ဒဏ်မှတ်။

- ဘီလူးစည်း လူ့စည်းတဲ့
ပြမိုးရ နေရာတကာ၊
စည်းကျော်လျှင် တန်ရာကြေး
ပေးဆပ်ရမှာ၊
မင်းရာမ ဇာတ်တော်လာ
မယ်သီတာ သော်မှ၊
နည်းထုံးအမှန်
စည်းသုံးတန် အထပ်ထပ်ဖွဲ့သော်လည်း
အမှတ်မဲ့ မဆင်ခြင်တော့
ဒသရင် သူ့လက်တွင်း
သက်ဆင်းရှာရ။ ။

**ချစ်စုအောင်**

# မိုးကောင်းမြို့နယ် ညောင်တောကျေးရွာ၌ သဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုးကောင်း မေ ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ညောင်တောကျေးရွာအုပ်စု ညောင်တောကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် VDP စီမံကိန်း တာဝန်ခံတို့က ညောင်တောကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်တောကျေးရွာ၌ အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာထည့်ဝင်ငွေကျပ် သုညဒသမ ၆ သန်းအသုံးပြု၍ ဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# နိုင်ငံတကာ သတင်းများ

## တစ်ဖက်နှင့်တစ်ဖက်အားပေးကူညီရန် ရုရှားနှင့်တရုတ် အသင့်ရှိကြောင်း သမ္မတပူတင် ပြောကြား

**မော်စကို မေ ၁၉**

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အနေဖြင့် အမျိုးသားညီညွတ်ရေးနှင့် အချုပ်အခြာကာကွယ်ရေး အပါအဝင် အခြားကဏ္ဍတို့၌ တစ်ဖက်နှင့်တစ်ဖက်အားပေးကူညီရန် အသင့်ရှိကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားသမ္မတပူတင်သည် ၎င်း၏ တရားဝင် တရုတ်နိုင်ငံခရီးစဉ် မစတင်မီမှာပင် ဗီဒီယိုမိန့်ခွန်းမှ တစ်ဆင့် ထိုသို့ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတပူတင်သည် ၎င်း၏ နှစ်ရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို ယနေ့တွင်စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့ အနေဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုတို့ကို ကောင်းစွာတည်ဆောက်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့ဖြစ်ရာ အမျိုးသားညီညွတ်ရေးနှင့် အချုပ်အခြာကာကွယ်ရေးတို့ အပါအဝင် အခြားကဏ္ဍတို့၌ တစ်ဖက်နှင့်တစ်ဖက် အားပေးကူညီရန်အသင့်ရှိကြောင်း သမ္မတပူတင်က ပြောကြားသည်။

ထို့ပြင် တရုတ်နှင့်ရုရှားတို့ကြား မဟာဗျူဟာမြောက် ဆက်ဆံရေးသည် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတည်ငြိမ်ရေးအတွက်လည်း အရေးကြီးကြောင်း ရုရှားသမ္မတပူတင်က ပြောကြားသည်။

ရုရှားသမ္မတပူတင်သည် နှစ်ရက်ကြာ တရုတ်ခရီးစဉ်အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ကွန်ဂိုနှင့်ယူဂန်ဒါတို့၌ အီဘိုလာဗိုင်းရပ်စ်ကူးစက်မှု စိုးရိမ်ရကြောင်း WHO အကြီးအကဲ သတိပေး

**ဂျီနီဗာ မေ ၁၉**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့၌ဖြစ်ပွားနေသည့် အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုများအတွက် အထူးစိုးရိမ်မိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)အကြီးအကဲ ဂျီဘရီယေးဆပ်စ်က ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကွန်ဂိုနှင့် ယူဂန်ဒါနိုင်ငံတို့၌ ကူးစက်ဖြစ်ပွားနေသည့် အီဘိုလာဗိုင်းရပ်စ်ရောဂါကြောင့် လူ ၁၃၁ ဦးသေဆုံးခဲ့ကြောင်း WHO က ခန့်မှန်းထားသည်။

ကွန်ဂိုနှင့်ယူဂန်ဒါတို့၌ အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုကို နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် WHO က မေ ၁၇ ရက်တွင် ကြေညာထားသည်။

ကွန်ဂိုနှင့် ယူဂန်ဒါနိုင်ငံတို့၌ ကူးစက်မှုမြန်နှုန်းနှင့် အတိုင်းအဆတို့အရ လက်ရှိဖြစ်ပေါ်နေသော အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုကို ပေါ့ဆ၍မရကြောင်း WHO အကြီးအကဲ ဂျီဘရီယေးဆပ်စ်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပနေသော WHO နှစ်စဉ်ညီလာခံ၌ ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နိုင်ငံတကာကျန်းမာရေးစည်းမျဉ်းများအရ နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ သတိပေးချက်သည် ဒုတိယအမြင့်ဆုံးအဆင့် သတိပေးချက်ဖြစ်သည်။

ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်ထားသော စာရင်းဇယားများအရ အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုကြောင့် မေ ၁၈ ရက်ထိ သေဆုံးသူ ၁၃၁ ဦးနှင့် ဗိုင်းရပ်စ် ကူးစက်ထားသူအဖြစ် သံသယရှိသူ ၅၁၃ ဦးရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး



**ဆိုးလ် မေ ၁၉**

တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်နှင့် ဂျပန်ဝန်ကြီးချုပ် တာကာအိချီတို့သည် ယနေ့တွင် တောင်ကိုရီးယားနိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ တောင်ကိုရီးယား-ဂျပန် ထိပ်သီးဆွေးနွေးပွဲကို တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်၏ မွေးရပ်မြေဇာတိဖြစ်သော တောင်ကိုရီးယားအရှေ့တောင်ပိုင်းရှိ အန်ဒေါင်းမြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အန်ဒေါင်း ဆွေးနွေးပွဲတွင် တောင်ကိုရီးယားနှင့် ဂျပန်ခေါင်းဆောင်များသည် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အန်ဒေါင်းဆွေးနွေးပွဲတွင် တောင်ကိုရီးယားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့၏ မေ ၁၄ ရက်နှင့် ၁၅ ရက် ထိပ်သီးဆွေးနွေးပွဲများမှ ပေါ်ထွက်လာသည့် ရလဒ်များကိုလည်း ထည့်သွင်း ဆွေးနွေးခဲ့ဖွယ်ရှိကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အန်ဒေါင်း ဆွေးနွေးပွဲသည် တောင်ကိုရီးယားနှင့် ဂျပန်ခေါင်းဆောင်များအတွက် ခြောက်လတာကာလအတွင်း စတုတ္ထမြောက် ထိပ်သီးဆွေးနွေးပွဲဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလကလည်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် ဂျပန်ဝန်ကြီးချုပ် တာကာအိချီ၏ မွေးရပ်မြေဇာတိဖြစ်သော ဂျပန်နိုင်ငံ နာရာမြို့သို့ သွားရောက်၍ တာကာအိချီနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အီရန်ကိုစစ်ရေးအရ ပြန်လည်တိုက်ခိုက်မည့်အစီအစဉ် ရပ်တန့်ပေးထားကြောင်း သမ္မတဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် မေ ၁၉**

ငြိမ်းချမ်းရေး သဘောတူညီချက်အရ ဆွေးနွေးပွဲများဆက်လက်ကျင်းပနိုင်ရန် အီရန်ကိုစစ်ရေးအရ ပြန်လည်တိုက်ခိုက်မည့်အစီအစဉ် ရပ်တန့်ပေးထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၁၈ ရက်တွင် ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေး အဆိုပြုချက်သစ်များကို အီရန်အစိုးရက ပေးပို့ခဲ့ပြီးနောက် အီရန်ကို စစ်ရေးအရပြန်လည်တိုက်ခိုက်မည့်အစီအစဉ် ရပ်ထားရန် အမေရိကန်တပ်မတော်ကို မိမိညွှန်ကြားထားကြောင်း သမ္မတဒေါ်နယ်ထရမ့်က လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

သို့ရာတွင် ကျေနပ်လောက်သည့် ငြိမ်းချမ်းရေးသဘောတူညီချက်မျိုးမရခဲ့ပါက အီရန်ကို အပြည့်အဝ တိုက်စစ်ဆင်တိုက်ခိုက်နိုင်ရေးအတွက် ဆက်လက်ပြင်ဆင်ထားရန်လည်း အမေရိကန်တပ်မတော်ကို မိမိညွှန်ကြားထားကြောင်း သမ္မတဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံကို ယနေ့တွင် စစ်ရေးအရ တိုက်ခိုက်မှုများပြန်လည်စတင်ရန် စီစဉ်ထားကြောင်း သမ္မတဒေါ်နယ်ထရမ့်၏အဆိုအရ သိရသည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သော အီရန်စစ်ရေး ပဋိပက္ခကို အဆုံးသတ်နိုင်ရေး အတွက် ငြိမ်းချမ်းရေးအဆိုပြုချက်သစ်များကို ပါကစ္စတန်နိုင်ငံမှ တစ်ဆင့် အမေရိကန်အစိုးရထံ ပေးပို့ထားကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီး ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

အီရန်၏ ငြိမ်းချမ်းရေးအဆိုပြုချက်သစ်များတွင် စစ်ရေးပဋိပက္ခကို အဆုံးသတ်နိုင်ရေး၊ ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ရေး၊ ပင်လယ်ရေကြောင်းကုန်သွယ်ရေးပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းရေးတို့ကို ဦးစားပေးထားသည်ဟု ပါကစ္စတန်အစိုးရ သတင်းအရင်းအမြစ်များက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဆော်ဒီအာရေဗျ၌ တိုက်လေယာဉ်အုပ်စုတစ်စု ပါကစ္စတန်တပ်မတော် စေလွှတ်ဖြန့်ကြက်ထား

**အစ္စလာမ္မာဘတ် မေ ၁၉**

နှစ်နိုင်ငံအပြန်အလှန်ကာကွယ်ရေး သဘောတူညီချက်အရ ပါကစ္စတန်နိုင်ငံက ဆော်ဒီအာရေဗျနိုင်ငံသို့ တပ်ဖွဲ့ဝင် ဦးရေ ၈၀၀၀၊ တိုက်လေယာဉ်အုပ်စု တစ်စုနှင့် လေကြောင်းရန် ကာကွယ်ရေး စနစ်တစ်ခုတို့ ဖြန့်ကြက်ထားကြောင်း မေ ၁၈ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



အီရန် စစ်ရေးပဋိပက္ခကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ အခြေအနေများ တင်းမာနေချိန်တွင် ပါကစ္စတန်နိုင်ငံက ဆော်ဒီအာရေဗျနိုင်ငံသို့ စစ်အင်အားများစေလွှတ်ဖြန့်ကြက်ထားခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံအပြန်အလှန်ကာကွယ်ရေး သဘောတူညီချက်တစ်ရပ်ကို ပြီးခဲ့သည့်နှစ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသော်လည်း သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ အသေးစိတ် ကြေညာခဲ့ခြင်းမရှိကြောင်း သိရသည်။


သို့ရာတွင် အဆိုပါသဘောတူညီချက်အရ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ရချိန်တွင် ပါကစ္စတန်နှင့် ဆော်ဒီအာရေဗျတို့ အနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကာအကွယ်ပေးရန် တာဝန်ရှိကြောင်း နှစ်ဖက်လုံးက ထုတ်ဖော်ပြောကြားထားသည်။

သတင်းအရင်းအမြစ်များ၏ အဆိုအရ ပါကစ္စတန်နိုင်ငံသည် ဂျေအက်ဖ်-၁၇ တိုက်လေယာဉ်များစုပါဝင်သည့် တိုက်လေယာဉ် ၁၆ စင်းနှင့် အိတ်ချ်ကျူ-၉ လေကြောင်းရန် ကာကွယ်ရေး စနစ်တစ်ခုတို့ ပါဝင်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## သောကြာဂြိုဟ်မျက်နှာပြင်အောက်၌ ကြီးမားသည့်မြေအောက် ချော်ပြွန်လိုဏ်ဂူကြီးတစ်ခုတည်ရှိနေကြောင်း သိပ္ပံပညာရှင်များတွေ့ရှိ



**ရောမ မေ ၁၉**

သောကြာဂြိုဟ်မျက်နှာပြင်အောက်၌ကြီးမားသည့်မြေအောက်ချော်ပြွန်လိုဏ်ဂူကြီးတစ်ခုတည်ရှိနေသည်ကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ မက်ဂျဲလန်အာကာသယာဉ်မှ ရရှိသော သတင်းအချက်အလက်များကို ဆန်းစစ်လေ့လာခဲ့ပြီးနောက် သောကြာဂြိုဟ် မြေအောက်ချော်ပြွန်လမ်းကြောင်းကို အီတလီသိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါမြေအောက်ချော်ပြွန်လမ်းကြောင်းသည် နစ်မွန်းစ်အမည်ရှိ သောကြာဂြိုဟ်မီးတောင်တစ်လုံးအနီး တည်ရှိကြောင်း အီတလီ သိပ္ပံပညာရှင်များက ပြောကြားသည်။

မက်ဂျဲလန်အာကာသယာဉ်မှ ရရှိသော ရေဒါလှိုင်းအချက်အလက်များအရ အထက်ပါမြေအောက်ချော်ပြွန်လမ်းကြောင်း၏ အကျယ်မှာ သုည ဒသမ ၆ မိုင်ရှိပြီး ချော်ပြွန်လမ်းကြောင်း ဂူအမိုးမှာ အနည်းဆုံး ပေ ၄၉၀ ထူကြောင်း အီတလီ သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

သောကြာဂြိုဟ်၏ လေထုလွှာမှာ သိပ်သည်းထူထဲ၍ တိမ်တိုက်များဖုံးလွှမ်းထားရာ လေ့လာရေး တိမ်တိုက်များကို ထွင်းဖောက်နိုင်သော ရေဒါစနစ်များကို အဓိက အားပြုနေကြရကြောင်း သိရသည်။

သောကြာဂြိုဟ်၏ မျက်နှာပြင်ကိုလေ့လာရေးအတွက် ဥရောပ အာကာသအေဂျင်စီနှင့် နာဆာ တို့သည် ရေဒါပုံရိပ်ဖော်စနစ် အာကာသယာဉ်များ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Spacesail Constellation အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၁၈ စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်ခဲ့

**ပေကျင်း မေ ၁၉**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် Spacesail Constellation အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ် ၁၈ စင်းကို မေ ၁၈ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တု ၁၈ စင်းကို လောင်းမတ်ချ်-၈ ဒုံးပျံဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဟိုင်နန်နိုင်ငံတကာ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၈ ဒုံးပျံသည် သယ်ဆောင်ထားသော Spacesail Constellation ဂြိုဟ်တု ၁၈ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီ က သတင်းထုတ်ပြန်ထားသည်။



အဆိုပါမစ်ရှင်သည် Spacesail Constellation ဂြိုဟ်တုကွန်ရက်အတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ခဲ့သည့် ကိုးကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

၎င်းမစ်ရှင်အောင်မြင်မှုကြောင့် Spacesail Constellation ဂြိုဟ်တုကွန်ရက်၌ ဂြိုဟ်တု ၁၆၂ စင်းထိရှိလာခဲ့ပြီဖြစ်သည်။

Spacesail Constellation မစ်ရှင်သည် တရုတ်နိုင်ငံအတွက် ယခုနှစ်၏ ၃၃ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ပြီး လောင်းမတ်ချ်ဒုံးပျံများအတွက် ၆၄၃ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**ဝါရှင်တန် မေ ၁၉**

စပေ့စ်အိတ်ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် မေ ၁၇ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့်အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် လွှတ်တင်ခဲ့ပြီး နှစ်ရက်အကြာတွင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒရာဂွန်အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာများနှင့်သိပ္ပံပညာစမ်းသပ်ပစ္စည်းများစုစုပေါင်း အလေးချိန် ပေါင် ၆၅၀၀ တင်ဆောင်ထားသည်။

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် စပေ့စ်အိတ်ကုမ္ပဏီတို့သည် အဆိုပါ ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို မေ ၁၅ ရက် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

၎င်းဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ယခုနှစ် ဇွန်လလယ်တွင် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ပြီး ထိုသို့ဆင်းသက်ရာတွင် နိုင်ငံတကာအာကာသစခန်းပေါ်၌ သိပ္ပံပညာစမ်းသပ်မှုများပြုလုပ်ထားသောနမူနာပစ္စည်းများကို ပြန်လည်သယ်ယူလာမည်ဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် နာဆာနှင့်ရယူထားသည့် သဘောတူညီချက်အရ အထက်ပါ ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို ၃၄ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်းထောက်ပို့ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အရိုးပွရောဂါခံစားနေရသူ အမျိုးသမီးများ အချိန်မတန်ဘဲ သေဆုံးနိုင်ခြေ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်းခန့် မြင့်မားလာနိုင်

**လန်ဒန် မေ ၁၉**

ဓမ္မတာရာသီသွေးဆုံးခဲ့ပြီဖြစ်သော အမျိုးသမီးများအနေဖြင့် အရိုးပွရောဂါခံစားနေရပါက အချိန်မတန်ဘဲ သေဆုံးနိုင်ခြေပုံမှန်ထက် ၅၀ ရာခိုင်နှုန်းခန့် မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ မေ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အရိုးပွရောဂါသည် ဓမ္မတာရာသီသွေးဆုံးပြီဖြစ်သော အမျိုးသမီးများ အဓိကခံစားနေရတတ်သည့်ကျန်းမာရေးပြဿနာတစ်မျိုးဖြစ်ပြီး ဓမ္မတာရာသီသွေးဆုံးပြီဖြစ်သည့်အမျိုးသမီးများတွင် အက်စထရိုဂျင်ဟော်မုန်း ထုတ်လုပ်နိုင်စွမ်းလျော့ပါးလာတတ်ပြီး အရိုး၏သိပ်သည်းဆကျဆင်းသွားတတ်သည်။

ထို့ပြင် ဓမ္မတာရာသီသွေးဆုံးပြီးနောက် အရိုးပွရောဂါခံစားနေရသူအမျိုးသမီးများမှာ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် သေချိန်မတန်ဘဲ သေရနိုင်ခြေပုံမှန်ထက် မြင့်မားလာတတ်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ဓမ္မတာရာသီသွေးဆုံးခဲ့သူ အမျိုးသမီးဦးရေ ၃၀၀၀ ခန့်တို့၏ ကျန်းမာရေးအခြေအနေနှင့် အရိုးတွင်းထွက်ဓာတ်သိပ်သည်းဆတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ အရိုးတွင်းထွက်ဓာတ်သိပ်သည်းဆမြင့်မားမှုသည် အသက်ရှည်မှု၊ ဆိုးရွားသည့်ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေကျဆင်းမှုတို့နှင့်ဆက်စပ်နေသည်ကို တွေ့ရကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## လေထုညစ်ညမ်းမှုပြဿနာကြောင့် ကျောက်ကပ်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်

**ဘရာဇီးလီးယား မေ ၁၉**

လေထုညစ်ညမ်းမှုပြဿနာကြောင့် ကျောက်ကပ်ရောဂါဖြစ်ပွားနိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ မေ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘရာဇီးသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေထုအရည်အသွေးကျဆင်းမှုသည် ကျောက်ကပ်ထိခိုက်နိုင်ခြေ၊ ကျောက်ကပ် ပျက်စီးမှုကြောင့် ဆေးရုံ တက်ရနိုင်ခြေတို့နှင့် ဆက်စပ်နေကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ လေထုညစ်ညမ်းမှုပြဿနာကြောင့် အသက် ၁၉ နှစ်နှင့် နှစ် ၅၀ ကြားရှိသူများ၌ နာတာရှည် ကျောက်ကပ်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း ဘရာဇီးသုတေသန ပညာရှင်များက ပြောကြားသည်။

အလားတူ အသက် ၅၁ နှစ်နှင့် ၇၅ နှစ်အကြား ရှိသူများတွင်မူ လေထုညစ်ညမ်းမှုပြဿနာကြောင့် နာတာရှည် ကျောက်ကပ်ရောဂါဖြစ်ပွားနိုင်ခြေမှာပုံမှန်ထက် ၂ ဒသမ ၅ ဆ မြင့်တက်လာနိုင်ကြောင်းလည်း ဘရာဇီးသုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ဘရာဇီးသုတေသနပညာရှင်များသည် လူပေါင်း ၃၇၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကိုလေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# WBC ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဂါစီယာက ကွန်နာဘင်းနှင့်ထိုးသတ်ရန် သဘောတူညီမှုရရှိ

နယူးယောက် မေ ၁၉

WBC ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဂါစီယာသည် ဗြိတိန်လက်ဝှေ့သမား ကွန်နာဘင်းနှင့် ထိုးသတ်လိုသည့်အတွက် စိန်ခေါ်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ကွန်နာဘင်းက စိန်ခေါ်မှုကို လက်ခံခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွန်နာဘင်းသည် WBA Continental (Europe) ဝယ်သာဝိတ်တန်း လက်ရှိချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်ကို ခုနစ်ပွဲထိ အောင်မြင်အောင် ကာကွယ်ထားနိုင်သူဖြစ်သည်။

ထို့ပြင် ကွန်နာဘင်းသည် ဝယ်သာဝိတ်တန်း၏ အကောင်းဆုံး လက်ဝှေ့သမားစာရင်းတွင် ပါဝင်နေသူဖြစ်သည့်အတွက် ဂါစီယာက ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အတွက် ၎င်းကိုယ်တိုင် ကွန်နာဘင်းကို စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဂါစီယာက "ကျွန်တော်ကတော့ ဝယ်သာဝိတ်တန်းမှာ ကွန်နာဘင်းနဲ့ပဲ ထိုးသတ်သွားချင်ပါတယ်။ ဘယ်ပြိုင်ဘက်နဲ့ ထိုးသတ်သွားချင်လဲလို့ ကျွန်တော့်ကိုမေးလာရင် ကျွန်တော့်ပါးစပ်က ကွန်နာဘင်းနာမည်ကိုပဲ အမြဲတမ်းရွတ်နေမှာပါ။ လာမဲ့ စက်တင်ဘာလမှာ ထိုးသတ်သွားဖို့သဘောတူညီမှုရရှိထားပါတယ်။ လက်စ်ဗီးဂတ်စ်မှာပဲ ထိုးသတ်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Scene

Trs : AZL







# French Open တင်းနစ်ပြိုင်ပွဲတွင် ဆာဘာလင်ကာ ဝင်ရောက်ယှဉ်ပြိုင်မည်

ပဲရစ် မေ ၁၉

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပသွားမည့် French Open တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပခဲ့သည့် Italian Open တင်းနစ်ပြိုင်ပွဲတွင် ဒဏ်ရာရရှိခဲ့ကာ ဆေးကုသမှုခံယူခဲ့ပြီးနောက် ဒဏ်ရာအခြေအနေမှ ပြန်လည် သက်သာလာခဲ့သည့်အတွက် ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲ အမျိုးအစားဖြစ်သည့် French Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆာဘာလင်ကာသည် ပြီးခဲ့သည့် မတ်လက ကျင်းပခဲ့သော Indian Wells နှင့် Miami Open တင်းနစ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူဖြစ်ပြီး နောက်ဆုံးယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲလေးရပ်တွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့်ပြိုင်ပွဲ သုံးရပ်ထိရှိခဲ့သည်။

ဆာဘာလင်ကာက "French Open တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အီတလီမြေမှာတော့ ရလဒ်မကောင်းခဲ့သလို ပြိုင်ပွဲကနေလဲ စောစီးစွာ ထွက်ခွာခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်မအနေနဲ့ ဒါကို ရှုံးပွဲလို့ မခံယူဘဲ သင်ခန်းစာယူခွင့်ရတယ်လို့ပဲ သတ်မှတ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# ၂၀၂၆ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ စတင်ကျင်းပ



နေပြည်တော် မေ ၁၉

အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ ဇုန်လေးဇုန်ခွဲ၍ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှ စတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက ငါးဂိုး တစ်ဂိုး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက လေးဂိုး ဂိုးမရှိဖြင့် အသီးသီးအနိုင်ရခဲ့ကြသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ငါးဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဖက်လုံး တစ်ဂိုးစီ သရေရလဒ်ဖြင့် အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့မှ စတင်ပြီး မေ ၂၆ ရက်ထိ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ခြောက်ကြိမ်မြောက် ပါဝင်ကစားခွင့်ရသည့်ကစားသမားအဖြစ် စီရော်နယ်ဒို မှတ်တမ်းဝင်

လစ္စဘွန်း မေ ၁၉

ပေါ်တူဂီအသင်းက ထုတ်ပြန်ခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်မည့် အသင်းလူစာရင်းတွင် တိုက်စစ်မှူးစီရော်နယ်ဒိုပါဝင်ခဲ့သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ခြောက်ကြိမ်မြောက် ကစားခွင့်ရသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၀၆ ခုနှစ်က စတင် ပါဝင်ခွင့်ရခဲ့ပြီးနောက် ၂၀၁၀ ကမ္ဘာ့ဖလား၊ ၂၀၁၄ ကမ္ဘာ့ဖလား၊ ၂၀၁၈ ကမ္ဘာ့ဖလား၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့အပြင် ယခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း ထပ်မံရွေးချယ်ခံခဲ့ရသောကြောင့် ခြောက်ကြိမ်မြောက် ပါဝင်ကစားနိုင်သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းအတွက် ပြိုင်ပွဲစုံ ၂၂၆ ပွဲ ကစားခဲ့ရာ သွင်းဂိုး ၁၄၃ ဂိုးထိ သွင်းယူထားသည့်အတွက် နိုင်ငံလက်ရွေးစင်အသင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နေသကဲ့သို့ ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ငါးကြိမ်ဆက် သွင်းဂိုးများသွင်းယူနိုင်သည့် ကစားသမားအဖြစ်လည်း ရပ်တည်နေသည်။

နည်းပြမာတီနက်ဇ် ထုတ်ပြန်ခဲ့သည့် ပေါ်တူဂီအသင်း၌ တိုက်စစ်ပိုင်းတွင် စီရော်နယ်ဒို၊ နက်တို၊ ဂွန်ကာလိုရာမိုစ်၊ ကွန်စီကာအို၊ ရာဖေးလီအို၊ ဂွအီဒက်၊ ထရန်ကာအို၊ ဂျာအိုဖီးလစ်၊ ကွင်းလယ်ပိုင်းတွင် ဘာနာဒိုဆေးဗား၊ ဖာနန်ဒက်၊ ဗီတင်ဟာ၊ ဂျာအိုနီဗက်၊ အက်စ်ကော်စတာ၊ နူနက်၊ နာဗက်၊ ခံစစ်ပိုင်းတွင် ဒါလော့၊ ကန်ဆယ်လို၊ မန်ဒက်၊ ရူဘင်ဒီယက်၊ ဗီဂါ၊ အင်နာစီယို၊ အာရူဂျို၊ ဂိုးသမားနေရာတွင် ဂျီဆား၊ ယူရီဆေးဗား၊ ကော်စတာ၊ ဗယ်ဟိုတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

Ref : ESPN

Trs : ML

# ၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ထိုင်းအသင်းကိုရှုံးနိမ့်ပြီး မြန်မာအသင်း ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရ

ရန်ကုန် မေ ၁၉

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက နှစ်ပွဲတစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ပြီး ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းတည့် ၁၂ နာရီက အိမ်ရှင်မလေးရှားအသင်းနှင့် မြန်မာအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက ပထမပွဲငယ်တွင် ၁၅မှတ်ကိုးမှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် ၁၅ မှတ် ၁၀ မှတ်ဖြင့်လည်းကောင်း အနိုင်ရပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့သည်။

ထို့နောက် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန်ညနေ ၆ နာရီခွဲက မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ကစားခဲ့ရာ ပထမပွဲငယ်တွင် ထိုင်းအသင်းက ၁၅ မှတ် ရှစ်မှတ်ဖြင့်အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်တွင် မြန်မာအသင်းက ၁၅ မှတ် ၁၃ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့ကာ နောက်ဆုံးပွဲငယ်တွင် ထိုင်းအသင်းက ၁၅ မှတ် ခုနစ်မှတ်ဖြင့်အနိုင်ရခဲ့သည့်အတွက် မြန်မာအသင်းအနေဖြင့် ဒုတိယငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။




အလားတူ ယနေ့တွင် အမျိုးသားလေးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။ STA

# အင်ဒိုနီးရှားနိုင်ငံ မြောက်မာလူကူပြည်နယ်ရှိ ဒူကိုနိုမီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးပြာများ လေထုအတွင်းသို့ မှုတ်ထုတ်ခဲ့



**ဂျကာတာ မေ ၁၉**

အင်ဒိုနီးရှားနိုင်ငံ မြောက်မာလူကူပြည်နယ်ရှိ ဒူကိုနိုမီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးပြာများသည် ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်မီတာ ၅၀၀၀ လေထုအတွင်းသို့ မှုတ်ထုတ်ခဲ့ကြောင်း နိုင်ငံ၏ မီးတောင်ဗေဒနှင့် ဘူမိဗေဒဆိုင်ရာ အန္တရာယ်လျှော့ချရေးဌာနက တာဝန်ရှိသူများက မေ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဒူကိုနိုမီးတောင်သည် မေ ၁၇ ရက်ကတည်း စတင်ပေါက်ကွဲခဲ့ပြီး မီးတောင်ပြာများကို ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ဆုံးထိ မှုတ်ထုတ်ခဲ့ကြောင်း၊ အမြင့် ၁၀၈၇ မီတာရှိသည့် ဒူကိုနိုမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံတွင် လှုပ်ရှားမှုအများဆုံးမီးတောင်များထဲမှတစ်ခုဖြစ်ပြီး လက်ရှိတွင် မီးတောင် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသည့် မီးခိုးပြာများသည် ကောင်းကင်တွင်ထူထပ်နေပြီး လေတိုက်နှုန်းကြောင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ပျံ့နှံ့နေကြောင်း၊ ဒေသခံများအနေဖြင့် မီးတောင်ပြာများကို ရှူရှိုက်မိခြင်းမှ ကာကွယ်နိုင်ရန်မျက်နှာဖုံးများ တပ်ထားရန် အာဏာပိုင်များက သတိပေးထားပြီး နောက်ဆက်တွဲပေါက်ကွဲမှုများ ဖြစ်ပွားလာနိုင်ခြေရှိသဖြင့် မီးတောင်လှုပ်ရှားမှုအခြေအနေကို အနီးကပ်စောင့်ကြည့်လျက် ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# တရုတ်နိုင်ငံတောင်ပိုင်း လျူကျိုးမြို့တွင် ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့

**ပေကျင်း မေ ၁၉**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လျူကျိုးမြို့တွင် ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်လှုပ်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကာ လေးဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ် ငလျင်ကွန်ရက်စင်တာ (CENC)၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လျူကျိုးမြို့တွင် မေ ၁၈ ရက် နံနက်အစောပိုင်းက ပြင်းအား ၅ ဒသမ ၂ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ပြီးနောက် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန်စတင်ဆောင်ရွက်ရန် မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့များကို ငလျင်ဒဏ်သင့်ဒေသသို့ စေလွှတ်ထားကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ လေးဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အသက်အန္တရာယ်စိုးရိမ်ရသည့် ဒဏ်ရာများမရှိကြောင်း သိရသည်။

ထို့ပြင် လျူကျိုးမြို့ရှိ လူဦးရေ ၇၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ငလျင်ကြောင့် အဆောက်အအုံ ၁၃ လုံး ပြိုကျခဲ့ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေသော်လည်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ အခက်အခဲ ဖြစ်ပေါ်နေကြောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များက ပျောက်ဆုံးနေသူတစ်ဦးကို ဆက်လက်ရှာဖွေနေကြောင်း၊ လက်ရှိ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် နောက်ဆက်တွဲလျင်များ ဖြစ်ပေါ်လာနိုင်ခြေကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။



Ref : Russia Today
Trs : KZ

# တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုသတိပေးချက် ထုတ်ပြန်

**ဆိုးလ် မေ ၁၉**

တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေမှုကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်ကာ အပူချိန်မြင့်တက်မှုဆိုင်ရာ သတိပေးချက် ထုတ်ပြန်ထားကြောင်း Korea Disease Control and Prevention Agency (KDCA)က ထုတ်ပြန်ခဲ့သည်ဟု မေ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်နေမှုကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသကဲ့သို့ စောင့်ကြည့်တိုင်းတာရေး အဖွဲ့အစည်းကလည်း အရေးပေါ်အခန်းပေါင်း ၅၁၆ ခန်းအတွင်းမှ စောင့်ကြည့်တိုင်းတာ ပေးလျက်ရှိကြောင်း၊ ဆိုးလ်မြို့သည် အပူချိန်မြင့်တက်နေသည့် မြို့များစာရင်းတွင် ပါဝင်နေပြီး နေ့ဘက်ပိုင်းအပူချိန်မှာ ၃၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ မေလတွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် သိသိသာသာ မြင့်တက်နေပြီး အပူချိန်မြင့်တက်မှုမှာ ကာလရှည်ကြာသွားနိုင်ကြောင်း သိရသည်။

"တောင်ကိုရီးယားနိုင်ငံတစ်ဝန်း အပူလှိုင်းဖြတ်သန်းမှုနဲ့ ရင်ဆိုင်နေရတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့်လဲ အပူချိန်တွေ မြင့်တက်နေတယ်။ နေ့ခင်းဘက် အပူချိန်ဟာ ၃၁ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီးတော့ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်တဲ့ ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်နေတယ်။ ဆိုးလ်မြို့မှာ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့ အမျိုးသားတစ်ဦးသေဆုံးခဲ့ပါတယ်"ဟု Korea Disease Control and Prevention Agency (KDCA)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သည့် ကျန်းမာရေးအန္တရာယ် သတိပေးချက်များနှင့် အပူချိန်မြင့်တက်နေစဉ်အတွင်း လိုက်နာရမည့် လမ်းညွှန်ချက်များကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ထိုင်းနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို စီမံချက်များဖြင့် ဆောင်ရွက်မည်

**ဗန်ကောက် မေ ၁၉**

ထိုင်းနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေ ၁၈ ရက် သတင်းများတွင်ဖော်ပြထားသည်။

အယ်နီညိုရာသီဥတု ဖြစ်ပေါ်နေသကဲ့သို့ ၂၀၂၄ ခုနှစ်အတွင်း အယ်နီညိုရာသီဥတု ဆက်လက်မြင့်တက်နိုင်သည့်အတွက်ကြောင့် နိုင်ငံအတွင်း မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ဆက်တိုက်ရင်ဆိုင်ရနိုင်သည့်အတွက် စီမံချက်များဖြင့် ဖြေရှင်းဆောင်ရွက်သွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးဝန်ကြီး ဆူရီယာ ဦးဆောင်သောအဖွဲ့နှင့် Royal Irrigation Department(RID)မှ တာဝန်ရှိသူများက ကွင်းဆင်းလေ့လာမှုများ ပြုလုပ်နေသကဲ့သို့ ရေကို ချွေတာသုံးစွဲသွားကြရန်လည်း တိုက်တွန်းမှုများပြုလုပ်နေကြောင်း၊ ထို့ပြင် သောက်သုံးရေ ပေးဝေမှုများကိုလည်း အကန့်အသတ်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ စက်မှုဇုန်နှင့် စိုက်ပျိုးရေးကဏ္ဍများသို့ ရေပေးဝေမှုကို အကန့်အသတ်ဖြင့်သာ ရေပေးဝေနိုင်တော့မည်ဖြစ်သည်ဟု ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

"အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုတွေ ဖြစ်ပေါ်နေပါတယ်။ စိုက်ပျိုးရေးဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့ဟာ မိုးခေါင်မှုဖြစ်ပေါ်နေတဲ့ ဒေသတွေမှာ ကွင်းဆင်းလေ့လာမှုတွေပြုလုပ်နေပါတယ်။ မိုးခေါင်မှုကို တိုက်ဖျက်သွားဖို့အတွက်လဲ စီမံချက်တွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မိုးခေါင်မှုကြောင့် သောက်သုံးရေပေးဝေမှုကို အကန့်အသတ်နဲ့ ပေးဝေသွားမှာလဲဖြစ်ပါတယ်။ စက်မှုဇုန်နဲ့ စိုက်ပျိုးရေးကဏ္ဍတွေမှာလဲ အကန့်အသတ်နဲ့ပဲ ရေပေးဝေသွားတော့မှာလဲ ဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံ ဘန်ဒါမြို့သည် အာရှတိုက်၏ အပူချိန်အမြင့်ဆုံးသောမြို့အဖြစ် မှတ်တမ်းဝင်

**နယူးဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေသကဲ့သို့ အယ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေကာ ဘန်ဒါမြို့တွင် ဖြစ်ပေါ်နေသည့်အပူချိန်မှာ အာရှတိုက်ရှိ မြို့များအနက် အပူချိန်အမြင့်ဆုံးမြို့အဖြစ် မှတ်တမ်းဝင်နေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD) က ထုတ်ပြန်ခဲ့သည်ဟု မေ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

မေ ၁၇ ရက်မှစ၍ ဘန်ဒါမြို့တွင် အပူချိန်ပမာဏ ၄၆ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီး အပူချိန်မြင့်တက်မည့်ကာလ ရှည်ကြာသွားနိုင်ကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်အတူ ကျန်းမာရေးလုံခြုံမှုလည်း ကျိုးပေါက်နေပြီး ဘန်ဒါမြို့ကို အပူချိန်မြင့်တက်မှု အရေးပေါ် အခြေအနေဖြစ်သတ်မှတ်ကြောင်း၊ ဆွစ်ဇာလန်နိုင်ငံ အခြေစိုက်ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းကလည်း တိုက်ကြီးများအလိုက် အပူချိန်မြင့်တက်နေသည့် မြို့ကြီးများစာရင်းကို ထုတ်ပြန်ခဲ့ပြီး ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း၏ စာရင်းတွင်လည်း ဘန်ဒါမြို့သည် အာရှတိုက်၏ အပူချိန်အမြင့်ဆုံး မြို့အဖြစ် ရပ်တည်နေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD) က ထုတ်ပြန်ခဲ့သည်။

"ဘန်ဒါမြို့မှာ အပူချိန်မြင့်တက်နေပါတယ်။ ဘန်ဒါမြို့မှာ ဖြစ်ပေါ်နေတဲ့အပူချိန်ပမာဏဟာ ၄၆ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အာရှတိုက်ရဲ့ အပူချိန်အမြင့်ဆုံးမြို့အဖြစ် မှတ်တမ်းဝင်နေပါတယ်။ အလားတူ အကိုလာမြို့နဲ့ ဝက်ဒ်ဟာမြို့တို့မှာလဲ အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အာရှတိုက်ရဲ့ ဒုတိယမြောက် အပူချိန်အမြင့်ဆုံးသောမြို့အဖြစ် မှတ်တမ်းဝင်နေပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD) မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အောင်မြင်ဖို့ရာ ဝီရိယရှိပါ

ဘုန်းသန့်စင်

**မရှိမဖြစ် အဖော်မွန်စစ်**

လောကဓံလှိုင်းများ၏ လူသားများအပေါ်သို့ ရိုက်ခတ်ချက်များက မထင်မှတ်လောက်အောင်ပင် ပြင်းထန်သည့် ကာလများရှိတတ်သည်။ လောကဓံ ကျီဆယ်မှုများကြောင့် တစ်ခါတစ်ရံတွင် ဒူးထောက် အရှုံးပေးလိုက်ချင်သည့် စိတ်များပင် ပေါ်လာသည့် ကာလများကလည်း ဘဝစာမျက်နှာများအထက်တွင် နေရာယူနေတတ်ပြန်သည်။ ထိုလောကဓံ စိန်ခေါ်မှုများကြောင့် ဒူးထောက်၊ လက်မြှောက်လိုက်ရသည့် အခိုက်အတန့်များတွင် မိမိလက်ကိုတွဲ၍ ဖေးမဆွဲခေါ်ပေးမည့်သူများကို တောင်းတမိတတ်ကြသည်က သဘာဝပင်ဖြစ်သည်။ သို့ရာတွင် အချို့သော အခိုက်အတန့်များတွင် မိမိကို ဖေးမကူညီမည့်သူ မဆိုထားနှင့် မိမိ၏အရိပ်သည်ပင် မရှိသည့်ကာလများရှိသည်။ ထိုကာလများတွင် ရင်တွင်းစိတ်ထား စိတ်ဓာတ်ခွန်အားတို့ကသာ မိမိ၏ကိုယ်ပိုင် အဖော်မွန်အစစ်ဖြစ်နေတတ်သည်။ ထိုအဖော်မွန်အစစ်နှင့် ဝေးကွာသူသည် အောင်မြင်မှုနှင့် ဝေးကွာသူသာ ဖြစ်နေမည်ဖြစ်သည်။

ခန္ဓာကိုယ်သည် စိတ်၏စေစားရာကိုသာ လိုက်ပါဆောင်ရွက်ရသည်။ စိတ်သည် အဓိကဖြစ်သည်ဟု ဆိုနိုင်သော်လည်း လက်တွေ့တွင် ဝီရိယကမပါသည့်အခါ လေထဲတွင် တိုက်အိမ်ဆောက်သကဲ့သို့ ဖြစ်နေပြန်သည်။ မြတ်ဘုရားဟောကြားသည့်တရားတော်များအနက် အဓိပတိတရားလေးပါးသည် လူသားတို့ကို ဘဝတက်လမ်းသို့လမ်းပြခေါ်ဆောင်ပေးသည်။ အဓိပတိတရားလေးပါးအနက် "ဝီရိယာဓိပတိ- ဝီရိယအားကိုးကြိုးစားခြင်းဖြင့် ဘဝလိုအင်ဆန္ဒ ဟူသမျှကိုရနိုင်သည်"ဆိုသည့် အဓိပတိတရားက အနှစ်ချုပ်ပင်ဖြစ်သည်။ စိတ္တာဓိပတိ၊ ဆန္ဒာဓိပတိတို့ အရပြင်းပြသော စိတ်ဆန္ဒတို့ရှိနေပြီး ပညာဓိပတိဆိုသည့်အမှားအမှန်ကို ပိုင်းခြားဝေဖန်နိုင်သည့် တရားရှိငြားသော်လည်း အောင်မြင်မှုဆိုသည်က တစ်ကြိမ်တည်း၊ တစ်ခါတည်း၊ တစ်ထိုင်တည်းဖြင့် ကြိုးစား ရယူ၍ရသော အရာမဟုတ်ပေ။ အထပ်ထပ်အခါခါ အကြိမ်ကြိမ် ကြိုးစားရသည်ဖြစ်သဖြင့် ဝီရိယမပါပါက အရာရာက လွယ်ကူနေမည်မဟုတ်ပေ။ လဲရင် ပြန်ထ ကြိုးစားရသည့်ဘဝတွင် မအောင်မြင်သရွေ့ ကြိုးစားမည်ဆိုသည့် ဝီရိယရှိမှသာ ဘဝအောင်မြင်မှုကို ရနိုင်မည်ဖြစ်သည်။ တစ်ကြိမ် မအောင်မြင်သည့်အခါ နှစ်ကြိမ်၊ နှစ်ကြိမ် မအောင်မြင်ပါက သုံးကြိမ် စသည်ဖြင့် အထပ်ထပ်အခါခါ ကြိုးစားနေပါမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

**တစ်ယောက်တည်းသာ**

လူတို့သည် အောင်မြင်ချိန်တွင် ထိုအောင်မြင်မှုကို မိသားစုမိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းများနှင့်အောင်ပွဲခံလေ့ရှိသကဲ့သို့ ရှုံးနိမ့်ချိန်တွင်လည်း မိမိကို ဖေးမကူညီမည့်လက်အစုံကို မျှော်လင့်တောင့်တနေကြသည်။ လူ့ဘဝအစ အူဝဲဆိုသည်ကတည်းက မိမိကိုယ်မိမိ အားကိုးကြိုးစား အသက်ရှုနိုင်ခဲ့၍သာ အသက်ရှင်သန်ရခြင်းဖြစ်သည်။ လမ်းလျှောက်တတ်ခါစအရွယ်တွင် မည်သူကမည့်မျှပင် ကူညီဖေးမစေကာမူ ကိုယ်တိုင်က ကြိုးစားလမ်းလျှောက်လိုသည့်စိတ်မရှိပါက လမ်းလျှောက်တတ်မည်မဟုတ်ပေ။ မည်သူက မည်မျှပင် ကူညီကြစေကာမူ မိမိနှလုံးထဲတွင် ဝီရိယအားကိုး၍ ကြိုးစားလိုစိတ်က အဓိကပင်ဖြစ်သည်။ မိမိခန္ဓာကိုယ်ကို ထိန်းကျောင်းတည့်မတ်ရသည်က မိမိ၏အတွင်းစိတ်နှင့် ခြေချော်လဲကျမှုတိုင်းမှာ ပြန်ထကာ ကြိုးစားလိုသည့် ဝီရိယပင်ဖြစ်သည်။ လမ်းလျှောက်တတ်စ ကလေးများသည် ရပ်နိုင်ပေဆိုသည့် အားပေးစကားများကြောင့် လမ်းလျှောက်တတ်ခြင်းမဟုတ်ဘဲ လဲသွားသည့်အချိန်တိုင်းတွင် ကြိုးစားပြန်ထသည့် ဝီရိယကြောင့်သာဖြစ်သည်။

စာရေး၊ စာဖတ်အတတ်ပညာတို့ကို သင်ယူလေ့လာရမည့် အချိန်ကာလတွင်လည်း ဆရာ၊ဆရာမများက မည်သို့ပင်ကြိုးစားသင်ကြားပေးစေကာမူ ကိုယ်တိုင်မကြိုးစားဘဲ စာရေးသားမှု၊ စာဖတ်မှု အတတ်ပညာများကို တတ်လိမ့်မည်မဟုတ်ပေ။ လူ့ဘဝလမ်းပေါ်သို့ တိုးဝင်လျှောက်လှမ်းသည့် အချိန်တွင်လည်း လက်တွဲလမ်းပြသူများ မည်မျှပင် ရှိစေကာမူ မဆုတ်မနစ်သောဇွဲဖြင့် ကြိုးစား လျှောက်လှမ်းတတ်သည့် သတ္တိရှိနေမှသာ အောင်မြင်မှုကို အပိုင်ရယူနိုင်မည်ဖြစ်သည်။ ဒိတ်ဒိတ်ကြဲ အောင်မြင်သူတို့၏ဘဝကို လေ့လာကြည့်မည်ဆိုပါကလည်း ရှုံးနိမ့်မှုများ၊ လဲကျမှုများ အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရပြီးမှ အောင်မြင်မှုဆိုသည်ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**❖ အောင်မြင်မှုဆိုသည်မှာ လူတိုင်းနှင့် ထိုက်တန်သည်ဟုဆိုသော်လည်း အခက်အခဲစိန်ခေါ်မှုတစ်ခုနှင့်ကြုံလာရတိုင်း ကြောက်လန့်တကြား ထွက်ပြေးတတ်သူများအတွက်မဟုတ်ပေ။ မည်မျှပင်ခက်ခဲပင်ပန်းနေစေကာမူ အောင်မြင်မှုကို လက်ဝယ်ပိုင်ဆိုင်ခြင်းမရှိသေးသရွေ့ ကြိုးစားမှုကိုမရပ်ဆိုသည့် ဝီရိယကပ်သည့်စိတ်ဓာတ်ရှိရန်လိုသည်။ လူတစ်ဦးအတွက် ကြိုးစားရန်းကန်လိုသည့်စိတ်ဓာတ်၊ ထပ်ခါထပ်ခါ ကြိုးစားလိုသည့်စိတ်ဓာတ်တို့ကို ပျောက်ကွယ်သွားစေသည်က ပျင်းရိခြင်းပင်ဖြစ်သည်။ ❖**

**ကိုးကွယ်ရာအစစ်**

မြတ်စွာဘုရားရှင်က **အတ္တာဟိ အတ္တနော နာထော-** မိမိကိုယ်သာ ကိုးကွယ်ရာဟု ဟောကြားခဲ့သည်။ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းတို့ မည်မျှပင်ရှိနေစေကာမူ ကိုယ်ထူ၊ကိုယ်ထ ဝီရိယအားကိုးကာ ကြိုးစားလိုစိတ်ရှိရမည်ဖြစ်သည်။ ပတ်ဝန်းကျင်အပါအဝင် သူတစ်ပါးကို အားကိုးခြင်းသည် ခဏတာသာဖြစ်ပြီး မိမိ၏ဝီရိယကို အားကိုးခြင်းသည်သာ ဘဝတစ်ခုလုံးအတွက် ခိုင်မာသော အားကိုးရာကို ရရှိခြင်းပင်ဖြစ်သည်။ လောကဓံလှိုင်းများမည်မျှပင် ပြင်းထန်ပါစေ ဘေးနားတွင် ဖေးမမည့်သူမရှိသည့်တိုင်အောင် မိမိ၏ရင်တွင်းမှ "ဝီရိယ" တည်းဟူသော အဖော်မွန်စစ်ကိုသာ လက်တွဲထားမည်ဆိုပါက အောင်မြင်မှုပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိနိုင်မည်ဖြစ်သည်။ လောကဓံဆိုသည်မှာ လူသားတို့၏ အရည်အချင်းထက် ဝီရိယကို ဆန်းစစ်ခြင်းသာဖြစ်သည်။

"ဆရာဝန်၊ အင်ဂျင်နီယာ" စသည်ဖြင့် ပညာရပ်ပိုင်းဆိုင်ရာ ထူးချွန်သူများသည် ငယ်စဉ်က သူတစ်ပါးထက်သာလွန်သည့် ဝီရိယရှိခဲ့သူများဖြစ်သည်။ အခက်အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်ရချိန်တိုင်းတွင် ကူညီကယ်ဆယ်မည့်သူများကို မျှော်လင့်တတ်ကြသည်က လူတို့၏သဘာဝပင်ဖြစ်သည်။ ဇနကမင်းသား ပင်လယ်ပြင်အတွင်း သင်္ဘောနစ်သည့်အခါ အခြားသူများနည်းတူ နတ်ဒေဝါတို့ကိုတစ၍ အားကိုးရှာနေမည်ဆိုပါက ပင်လယ်ပြင်အောက် အသက်ပျောက်သွားမည်သာဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ခုနစ်ရက်ပတ်လုံး မဆုတ်မနစ်သော ဝီရိယအားကိုးကြိုးစားကာ ပင်လယ်ပြင်ကို လက်ပစ်ကူးခဲ့သည်ကို မျိုးဆက်သစ်လူငယ်တိုင်း အတုယူသင့်ပေသည်။

**ရင်ဆိုင်ကျော်ဖြတ်ရဲသည့် သတ္တိ**

အောင်မြင်မှုဆိုသည်မှာ လူတိုင်းနှင့်ထိုက်တန်သည်ဟုဆိုသော်လည်း အခက်အခဲ စိန်ခေါ်မှုတစ်ခုနှင့်ကြုံလာရတိုင်း ကြောက်လန့်တကြား ထွက်ပြေးတတ်သူများအတွက် မဟုတ်ပေ။ မည်မျှပင် ခက်ခဲပင်ပန်းနေစေကာမူ အောင်မြင်မှုကို လက်ဝယ်ပိုင်ဆိုင်ခြင်း မရှိသေးသရွေ့ကြိုးစားမှုကို မရပ်ဆိုသည့် ဝီရိယကပ်သည့် စိတ်ဓာတ်ရှိရန်လိုသည်။ လူတစ်ဦးအတွက် ကြိုးစားရုန်းကန်လိုသည့် စိတ်ဓာတ်၊ ထပ်ခါထပ်ခါ ကြိုးစားလိုသည့် စိတ်ဓာတ်တို့ကို ပျောက်ကွယ်သွားစေသည်က ပျင်းရိခြင်းပင်ဖြစ်သည်။

အလုပ်တစ်ခု ကြိုးစားလုပ်ကိုင်နေသည့်အချိန်အတွင် ထိုအလုပ်ပြီးမြောက်မှုမရှိသရွေ့ နေရာက မထဆိုသည့် စိတ်ဓာတ်ကပ်နေရန်လိုသည်။ ဆုံးခန်းထိတိုင်မရောက်ခင်တွင် မဖြစ်နိုင်တော့ဘူးဆိုသည့် အတွေးနှင့် ပျင်းရိခြင်းတို့က ထပ်တလဲလဲကြိုးစားလိုသည့်ဝီရိယကို ပျောက်ကွယ်သွားအောင် စွမ်းဆောင်နိုင်သည်။

ဘဝဆိုသည်မှာ လဲရင်ပြန်ထ၍ပြန်ကြိုးစားရမည်ကို နှလုံးသွင်းထားမိရန်လိုသည်။ မလိုသောအပိုင်း၊ မကောင်းသောအပိုင်းတို့ကို အထပ်ထပ်ဖယ်ထုတ်ပြီးမှသာ ကောင်းမွန်သော ပန်းပုရုပ်တစ်ရုပ်ဖြစ်မည်ဖြစ်သည်။ လူငယ်များ၏ ဘဝခရီးတွင်လည်း ကျဆုံးမှုကိုဖြစ်စေသော အရာများ၊ ဝီရိယကို မေးမှိန်ပျောက်ကွယ်သွားစေသည့် စိတ်ပျက်အားလျော့မှုများ ရှိနေမည်သာဖြစ်သည်။ ပျော့ညံ့သော စိတ်ထားနှင့် ခံယူချက်များကို ဖယ်ခွာထား၍ မိမိလုပ်နိုင်သည်ဆိုသည့် စိတ်ဓာတ်အရင်းခံဖြင့် ဝီရိယအားကိုးကာ ထပ်တလဲလဲ ကြိုးစားကြဖို့လိုသည်။

**ကြောက်စိတ်ကိုပယ်**

လူတို့သည် အခက်အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်ရချိန်တွင် ကြောက်စိတ်က ဝင်လာတတ်ပြီး မလုပ်တတ်၊ မကိုင်တတ်ဖြစ်သွားတတ်သည်က ဓမ္မတာပင်ဖြစ်သည်။ ကြောက်စိတ်ကို ဖယ်ထုတ်ပြီး မိမိလုပ်နိုင်သည်ဆိုသည့်စိတ်ကို မွေးမြူကာ ဒီတစ်ကြိမ်ကျဆုံးမှုသည် နောက်တစ်ကြိမ်အတွက် အတွေ့အကြုံဟုမှတ်ယူကာ အဖန်တလဲလဲ ကြိုးစားရန်လိုသည်။ အခါတစ်ပါး ဘုရားအလောင်းသည် ဗာရာဏသီပြည်တွင် လှည်းသားငါးရာကို အုပ်ချုပ်၍ ကုန်ကူးသန်းရောင်းဝယ်ခြင်းအလုပ်ကို လုပ်ကိုင်နေသည့် လှည်းကုန်သည်မှူးဖြစ်လေသည်။ တစ်နေ့သောအခါတွင် ဘုရားအလောင်းတို့သည် အလွန်ပူပြင်းလှသည့် သဲကန္တာရကို ဖြတ်ကျော်စဉ်၌ လမ်းမှား၊ လမ်းပျောက်ကာ သောက်စရာရေပင် မရှိတော့သည်ထိ ဖြစ်သွားရလေသည်။ ထိုအခါ လှည်းသားငါးရာတို့လည်း ရေပင်မရနိုင်သည့် ကန္တာရအလယ်တွင် သေဖွယ်သာရှိတော့သည်ဆိုသည့် အားငယ်စိတ်ဝင်ကာ နတ်၊ သိကြားတို့ကို တ၍ ငိုကြွေးကြလေသည်။

ဘုရားအလောင်း လှည်းကုန်သည်မှူးကမူ ကန္တာရထဲတွင် ရေမရနိုင်ဆိုသည့် စိတ်ပျက်အားလျော့သည့်အတွေးကို လက်သင့်မခံ။ ရေရှာရန်ကြိုးစားလေရာ နေစာမြက်ပင်ပေါက်နေသည့်နေရာတစ်ခုကိုတွေ့သဖြင့် ထိုနေရာကို တူးခိုင်းလေသည်။ အရာရာသည် လွယ်ကူ၍ နေသည်မဟုတ်သဖြင့် အတောင်ခြောက်ဆယ်ခန့် တူးပြီးသည့်အခါ ရေမထွက်ဘဲ ကျောက်ဖျာကြီးတစ်ချပ်က ခံနေသည်ကိုတွေ့လေသည်။ လှည်းသားတို့လည်း စိတ်ပျက်အားလျော့ကာ လက်လျှော့လိုက်ချင်သော်လည်း ဘုရားအလောင်းကမူ ကျောက်ဖျာထက်တွင် နားဖြင့်ကပ်၍ နားထောင်ကြည့်သည့်အခါ ရေစီးသံကိုကြားသည်။ ခွန်အားဗလ တောင့်တင်းသည့် လှည်းသားတစ်ဦးကိုခေါ်၍ ကျောက်ဖျာကို တူဖြင့် ထုရိုက်ခွဲစေသည့်အခါ ရေတို့သည် ပန်း၍ပင်ထွက်လာရလေသည်။ ဘုရားအလောင်းသည် စိတ်ပျက်အားလျော့၍ ဝီရိယလျှော့လိုက်မည်ဆိုပါက လှည်းသားငါးရာစလုံး အသက်ဆုံးရှုံးရမည်သာဖြစ်သည်။ ကြုံလာသမျှအခက်အခဲတိုင်းကို ဝီရိယအားကိုးကြိုးစားတတ်သူတို့၏ အောင်ပွဲကို ပြသလိုက်သည့်ဇာတ်တော်တစ်ခုပင်ဖြစ်ပေသည်။

**ကျောက်ဖျာခံနေပြီလား**

ဘဝခရီးလမ်းလျှောက်လှမ်းခါစ လူငယ်များအတွက် ဘဝစစ်တလင်းပြင်တွင် ဆူးပင်၊ ဆူးခက်တို့က ပတ်ပတ်လည် ဝိုင်းရံနေဦးမည်ဖြစ်သည်။ အခက်အခဲနှင့် စိန်ခေါ်မှုတို့က အားသွန်ခွန်စိုက် ကြိုးစားလိုက်မည်ဆိုသည့် လူငယ်တို့ကို အလဲလဲ အကွဲကွဲဖြစ်အောင် စိန်ခေါ်တိုက်ခိုက်နေဦးမည်သာဖြစ်သည်။ ခရီးလမ်းတစ်ဝက်အရောက် အမောဖောက်နေစဉ်တွင်ကျောက်ဖျာကြီးကလည်း ထပ်၍ ခံနေတတ်သေးသည်။ ဘုရားအလောင်းကဲ့သို့ ဝီရိယမလျှော့အားမပျော့ဘဲ ကြုံလာသမျှအခက်အခဲတိုင်းကို ရင်ဆိုင်ကျော်လွှားနိုင်သည့် သတ္တိမွေးမြူထားရန်လိုသည်။ ဘဝအဖော်မွန်အစစ်ဖြစ်သည့် ဝီရိယကိုချစ်ခင်တွယ်တာ၍ သွားလေရာ၊ ပန်းတိုင်လျှောက်လှမ်းနေသည့် အခိုက်အတန့်တိုင်းတွင် အတူပါသွားဖို့ ကြိုးစားကြရန်လိုသည်။

**"အနာကုလာစ ကမ္မန္တာ ဧတံ မင်္ဂလမုတ္တမံ-** ပျင်းရိခြင်းကင်း၍ ဝီရိယအားကိုး ကြိုးစားကာ ရှုပ်ထွေးမှုကင်းလျက် သန့်ရှင်းသပ်ရပ်စွာ အလုပ်လုပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏" ဟု ၃၈ ဖြာ မင်္ဂလာတရားတော်များတွင် ဆုံးမထားသည်ကို တွေ့ရသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ဘဝခရီးလမ်းကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန်အတွက် သူတစ်ပါးထံမှ အကူအညီကိုသာ မျှော်လင့်နေမည့်အစား မိမိရင်တွင်းမှ "ဝီရိယ" ဆိုသည့် အဖော်မွန်စစ်ကိုသာ ခိုင်မြဲစွာ လက်တွဲထားကြရန် လိုအပ်ပေသည်။ ဘဝအနှစ်သာရ အဖော်မွန်စစ်ဖြစ်သော ဝီရိယကို ယုံကြည်အားကိုးခြင်းဖြင့်သာ မဖောက်မပြန်သောအောင်မြင်မှု လမ်းစစ်၊ လမ်းမှန်ကို တွေ့ရှိနိုင်မည်ဖြစ်သည်။ အခက်အခဲဟူသည့် ကျောက်ဖျာကြီးများကို ဝီရိယတူဖြင့် ထုခွဲကျော်ဖြတ်ရင်း မိမိတို့လိုလားတောင့်တသည့် အောင်မြင်မှုရေစင်များကို အပိုင်ရယူသောက်သုံးကာ ပျော်ပြုံးနိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- ၃၈ဖြာ မင်္ဂလာပုံပြင်များ၊ မင်းယုဝေ၊

# Vice President U Nyo Saw receives H. E. Ms. Ma Jia, Ambassador of the People’s Republic of China to Myanmar



**Nay Pyi Taw May 19**

U Nyo Saw, Vice President of the Republic of the Union of Myanmar, received H. E. Ms. Ma Jia, Ambassador of the People’s Republic of China to Myanmar, this afternoon at the Guest Hall of the Office of the President in Nay Pyi Taw.

**Vice President U Nyo Saw receives H. E. Ms. Ma Jia, Ambassador of the People’s Republic of China to Myanmar.**

During the meeting, they cordially and openly discussed matters related to further strengthening and consolidating the existing diplomatic relations and close friendship between Myanmar and China; enhancing cooperation in trade and investment sectors, including joint projects to be implemented by the two countries; ensuring stability and peace in border regions; implementing the China-Myanmar Economic Corridor; combating online gambling and online fraud; and preventing and suppressing drug abuse, which is being carried out as a national duty.

The meeting was attended by Deputy Ministers U Khin Lat and U Naing Min Kyaw, along with officials, accompanying Vice President U Nyo Saw, as well as officials accompanying the Ambassador of the People’s Republic of China to Myanmar. 100

# Pyithu Hluttaw Speaker U Khin Yi receives Ambassador of the People's Republic of China to Myanmar

**Nay Pyi Taw May 19**

U Khin Yi, Speaker of the Pyithu Hluttaw, received H. E. Ms. Ma Jia, Ambassador of the People's Republic of China to Myanmar, today at 10:00 am at the Guest Hall of the Pyithu Hluttaw building, Hluttaw Complex, in Nay Pyi Taw.

During the meeting, the Pyithu Hluttaw Speaker expressed that China has always consistently supported Myanmar on the world stage, and expressed gratitude and acknowledgment for being the first to come and provide assistance after the great Mandalay earthquake. He also expressed support for the China-Myanmar strategic cooperative partnership and the efforts to build a community with a shared future, stating that the parliaments of China and Myanmar will cooperate more closely and intimately.

He continued that, through free and fair elections held in 2025, the three branches of power – the legislative, executive, and judiciary – emerged. He himself was elected as Speaker of the Hluttaw, the legislative branch. The Hluttaw is a body composed of people's representatives elected and entrusted according to the wishes of the people from respective constituencies. The Pyithu Hluttaw has four main duties: electing the Hluttaw Speaker, Deputy Speaker, and Vice Presidents; undertaking legislative processes; coordinating and collaborating among the three branches of power for national development and for the people to live in peace and security; and acting as an intermediary, representing the people to help them understand and cooperate with the government's policies.

He further explained that there are four standing committees that support the functioning of the Hluttaw, and in the upcoming Hluttaw term, temporary committees will also be formed. If necessary, commissions and working groups will be established. The government is currently vigorously implementing a 100-day plan for the people, and the Hluttaw will coordinate and participate as needed. Regarding online scams, the government is continuously conducting investigations and arrests. To effectively prevent and suppress online scams, a draft Anti-Online Scam Law has already been prepared. The Hluttaw will prioritize the enactment of this draft Anti-Online Scam Law during its upcoming second regular session.



**Pyithu Hluttaw Speaker U Khin Yi receives H. E. Ms. Ma Jia, Ambassador of the People’s Republic of China to Myanmar.**

The Ambassador of the People's Republic of China to Myanmar stated that cooperation will be enhanced according to the 5-year plan for the 15th joint cooperation between the two countries (2026-2030), which begins this year, and that efforts will continue to realize a China-Myanmar community with a shared future. She added that China has always consistently supported Myanmar, and that the National People's Congress of China was the first to send a congratulatory message expressing support for the parliaments that emerged from this election. She affirmed that they will continue to strive to build deeper relations between the parliaments of the two countries.

The meeting was attended alongside the Pyithu Hluttaw Speaker by the Deputy Speaker of the Pyithu Hluttaw, U Maung Maung Ohn, officials from the Pyithu Hluttaw office, and officials from the Chinese Embassy. 100

# Explainer: Why DR Congo's latest Ebola outbreak is raising regional alarm

**Kinshasa May 19**

The latest Ebola outbreak in the Democratic Republic of the Congo (DRC) has spread beyond its initial epicenter in Ituri province to additional areas in eastern DRC, with confirmed imported cases reported in neighboring Uganda, prompting the World Health Organization (WHO) to declare an international public health emergency.

About 435 suspected cases as well as 116 suspected deaths have been reported, DRC Government Spokesperson Patrick Muyaya said late Monday as health authorities race to contain the outbreak amid growing fears of wider regional transmission.

The outbreak is caused by the Bundibugyo virus, a rarer Ebola strain than the Zaire strain that has driven most previous outbreaks in the DRC. Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Commander-in-Chief of Defence Services General Ye Win Oo inspects staff, adjutant and quartermaster functions of Eastern Command HQ, meets officers, other ranks and families from Taunggyi, Hsi Hseng and Banyin stations


**General Ye Win Oo meets Tatmadaw officers, other ranks and their families.**

**Nay Pyi Taw May 19**

Commander-in-Chief of Defence Services General Ye Win Oo accompanied by Commander-in-Chief (Navy) Admiral HteinWin, Commander-in-Chief (Air) Lt-Gen Tun Win, and senior military officers from Office of Commander-in-Chief, inspected staff, adjutant and quartermaster functions and operations for area security and rule of law of the Eastern Command HQ this morning.

At the meeting hall of the command HQ, General Ye Win Oo heard a report on brief history of the command, operations for enforcing area security, area domination and rule of law and functions in relation to staff, adjutant and quartermaster affairs of the command.

In response, the General said soldiers shouldering duties in the Eastern Command area must understand its history and objective conditions. Besides, they must join hands with the local people in ensuring peace and stability and progress of the area. He also gave guidance on improving the combat capability and fighting power of battalions and units under the command. Only if morale and discipline of the leaders at all levels are good, will the combat capability and fighting power of troops be high. In this regard, training must be conducted for every soldier to have good morale, discipline and conviction, he noted.

Commander-in-Chief of Defence Services General Ye Win Oo also met officers, other ranks and families from Taunggyi Station at the hall of the command HQ in the morning and those of the Hsi Hseng and Banyin stations at the local battalions in the afternoon.

Also present at the meetings were Daw Nilar, wife of the Commander-in-Chief of Defence Services, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) Lt-Gen Tun Win and wife, senior military officers from Office of Commander-in-Chief and wives, the Eastern Command commander, and officials.

In his speech, the General said officers and other ranks can take pride in the opportunity to serve at the historic and prestigious command. The Tatmadaw has a chain of command and leaders at all levels must give a correct command in accord with the qualifications of a leader in discharging duties. Tatmadawmenmust act as a true soldier, live in accord with the 60 codes of conduct and systematically control their units to win public trust and reliance. They will win the trust and reliance of the people by winning the just war. They must strengthen the Tatmadaw as it is the last defence of the nation. As the Tatmadaw always remains ready in times of national crises, it could protect the nation from disintegration. To remain always prepared, training is essential for the Tatmadaw to become a powerful force. Blood runs thicker in times of a crisis, but the spirit of unity must remain high whether the time is critical or not. Based on their love for the country and Tatamdaw, soldiers must be loyal to themselves, families, community, the Tatmadaw and the country.

A good commander must admonish his subordinates or honourthem as necessary. Being good-natured and having good intentions are different from one another. Good intention amounts to steering the subordinates away from the wrong path and towards the correct way. Taking an easygoing way or turning a blind eye to rule violations will lead to ruining a family or an organization.

There can be battles to defend the country, and the military schools must provide the best professional training courses. As the military knowledge alone cannot nurture combat spirit, morale must be changed. Hence, soldiers must be trained to possess the courage to fight and good morale, alongside the arrangement to ensure that their families are fully provided with all the necessary basic needs. A soldier's profession is to fight and to fight well, his combat capability must be high.

He stated that to become a Standard Army, it is necessary to maintain sharp combat capability and combat power, and to study and remain aware of changing modern warfare and technologies. He noted that personnel must be proficient in practically applying modern technology-driven military equipment and be able to engage in combat by integrating their own initiative. He emphasized that training must be conducted to ensure physical fitness, proficiency, and courage. As it is a technological era, he added that the training processes of "Study, Train, Obey" must be followed to harmonize with international militaries and elevate the quality of Tatmadaw. Regarding obedience, he explained that it exists individually and collectively, and since Tatmadaw operates on a team-based system, individual capabilities must be combined to build collective organizational capability.

He stated that as military personnel, the best legacy they can leave for their generation is the legacy of education, and providing this legacy will open the way to a bright future and help guide them from going down the wrong path. He noted that Tatmadaw is providing the necessary support to elevate the education standards of the children of military families, emphasizing that students from military families need to attend and complete at least KG+9 education. He explained that those who have completed KG+9 (basic education middle school level) will be able to attend industrial institutes, agricultural institutes, and livestock breeding institutes, and raising the education level of dependent children will eventually benefit the country from various sectors. Similarly, he added that commanders must prioritize raising the academic education levels of military personnel.

He also stated that treason against the State and Tatmadaw, financial misconduct, social misconduct, and drug offenses are unforgivable. He noted that for misconduct that can be corrected through discipline, it is necessary to guide and correct personnel to ensure they understand and maintain proper discipline. He added that the battalion commander and his wife are the parents of the unit, and while officers' wives living in cantonment are to assist with their husbands' work, they must not interfere. By providing good leadership, a cool shelter is created for the organization under command, leading to unity and a pleasant environment to live and serve. He concluded that a battalion will always fondly remember and respect those commanders who harbor goodwill towards their unit, maintain excellent discipline, and build sharp capabilities in all three areas through good leadership.

Then, he stated that administrative capability plays a crucial role in Tatmadaw, and if administration is poor, both military and organizational capabilities will suffer. He noted that administrative capability requires broad consideration and implementation, including food, housing, transport, living conditions, and the enforcement of military discipline, and officials must maintain these efforts. He emphasized that being soldiers, they must obey orders, and those orders must be fair and just.

He stated that in terms of welfare and construction, just as there are welfare provisions provided by higher authorities, there is also welfare that personnel must manage on their own, and successfully carrying out small-scale agriculture and livestock farming is part of self-managed welfare. He noted that if welfare is implemented properly, it will also support internal unity within the unit. He explained that if individuals cultivate on their own, they will benefit individually, and if it is carried out as a unit-owned project, all family members will benefit, so it is necessary to successfully undertake agriculture and livestock farming operations that suit their respective regions.

Non-profit shops in battalions and units are required to actually contribute to the welfare of families while it is necessary for personnel and family members to practice frugality conscientiously. Responsible officers must ensure the convenient living of personnel by checking and taking action against difficulties for basic needs including water and *See Page 13*



General Ye Win Oo meets Tatmadaw officers, other ranks and their families from Taunggyi Station.

*From Page 12*

electricity supply and sewage. Moreover, measures must be taken to enable personnel to report their difficulties.

The regional military command is required to nurture outstanding athletes who can represent the country in sport categories including football, volleyball, shooting, boxing, track and field.

Health and fitness are not instantaneous and require regular training and cultivation. "Health, fitness and high education standards," one of the essentials of enhancing the capabilities of the Tatmadaw, is important. There are cases in which performance of national defence duties is undermined by poor health and it is necessary to take care of one's food and lifestyles to lead a healthy life as work can be done only when one is healthy.

As female personnel represent a force of the Tatmadaw, it is necessary to give them helping hands as colleagues out of the sibling spirit and female personnel are required to eschew behaviours that can damage the image of one's surroundings and institutions. Spouses-in-arm are a reserved force for the Tatmadaw and there were fine traditions and records of spouses-in-arm encountered bravely against enemies in Shadu Zup, Kone Gyan, Lupi and Wainekaung incidents.

There are people's military service personnel who joined the Tamadaw voluntarily as well as those who did so under the law. Although they joined the Tatmadaw for different reasons, their performance is satisfactory. Batch-2 of people's military service personnel have completed their service terms and as it was found that many of them chose to continue to serve in the Tatmadaw, they are warmly welcome and it is necessary to give them helping hands out of camaraderie. Moreover, the Tatmadaw has been providing assistance to war veterans and their families, one of the reserved forces of the Tatmadaw, by building war veteran housing complexes and carrying out necessary administrative and assistant matters. Responsible officers from respective stations are required to visit families of war veterans and to fulfill the needs reported.

Hsi Hsen area faced surprise attacks by terrorist insurgents but regional stability has been maintained with the counterattacks of officers, other ranks and spouses-in-arm. Everyone participating in the counterattack are documented and honoured. Although local national races residents in Hsi Hseng-Bengyin want to lead simple and peaceful lives, terrorist insurgents who wanted to bully them made the region ugly.

As it is impossible for the Tatmadaw alone to carry out national defence duties successfully and it requires the participation of the people, priority must be given to unity inside and outside the Tatmadaw. It is necessary to strengthen the forces for unity inside the Tatmadaw while it is the responsibility of the Tatmadaw to build unity with the people as they are mothers and fathers of the Tatmadaw.

Leadership plays a very important role in the internal unity of the Tatmadaw and officers are required to be commanders who can lead their units honestly in equal terms while carrying out tasks bravely. In doing so, it is necessary to perform duties in accordance with rules and regulations and actions that bypass rules and regulations will be wrong.

As the internal unity of the Tatmadaw is of utmost importance, personnel are urged to build units that the country and the people can rely on by consolidating their strength. Then, the Commander-in-Chief of Defence Services attended to the needs of individual officers, personnel and spouses-in-arm by coordinating with responsible officers.

After the meeting, the Commander-in-Chief of Defence Services presented foodstuffs for officers, other ranks and families and Daw Nilar, the wife of the Commander-in-Chief of Defence Services, presented cash rewards for the maternal and child welfare associations to the commander and responsible officials.

Then, the Commander-in-Chief of Defence Services and party cordially greeted officers, other ranks and families from respective stations.

Afterward, the Commander-in-Chief of Defence Services and party inspected the battalions and units in Hsi Hseng and Bengyin stations by car and cordially greeted personnel and their families.

100

---

*From Page 14*

Mawtaung town and the surrounding area. In the course of operations, a total of 207 engagements—both major and minor clashes—took place with the terrorist groups. From the enemy, 24 bodies, 25 assorted weapons, as well as ammunition and related equipment were seized. Some Tatmadaw officers and other ranks also heroically sacrificed their lives for the State and the Tatmadaw.

During the period when the terrorist coalition groups temporarily occupied Mawtaung town, they allegedly used government administrative buildings, hospitals and clinics, schools, religious buildings, and local residential homes as defensive strongholds in order to disrupt state administrative functions. They also planted and detonated mines to destroy roads and bridges used by the public. Furthermore, KNU, KNLA, and PDF terrorists allegedly carried out unprovoked attacks and destruction of key border trade and economic zones, roads, bridges, and basic infrastructure. These actions not only disrupted cross-border trade flows but also caused severe harm to the socio-economic lives of local residents. In addition, natural resources from the Mawtaung-Kyeinchaung area were illegally extracted and smuggled for sale to the neighbouring country, resulting in significant losses to State revenue.

In addition, KNU, KNLA, and PDF terrorists allegedly exploited instability in border areas during their temporary control of border towns to engage in transnational crimes such as drug trafficking, human trafficking, arms smuggling, and online fraud. These activities directly undermined legitimate tax revenues and the economic infrastructure of both countries. As a result of these reckless and violent actions carried out by the insurgent coalition groups, local residents suffered severe socioeconomic losses and the hardships of conflict. Many were forced to abandon their homes and temporarily relocate to safer areas in search of stability and peace.

Therefore, Tatmadaw columns are currently undertaking efforts to ensure that local residents who were temporarily displaced can safely return to live in Mawtaung town, to enable government administrative mechanisms to resume operations as quickly as possible, and to prioritize the clearance and detection of landmines maliciously planted by the terrorist groups. Schools destroyed by the insurgents will also be repaired as soon as possible so that school-age children can resume their education. In addition, efforts will be made to reopen hospitals and clinics in order to provide healthcare services to local residents, and repair work on government office buildings, religious structures, and residential homes will be carried out as quickly as possible in cooperation with local ethnic communities. Security forces will also continue to intensify counter-terrorism operations to completely eliminate insurgent groups from the Taninthayi Region.

As the Tatmadaw has regained control of Mawtaung town, local residents are now able to return and resettle in their homes. Stability and peace are expected to return to the area, and cross-border trade flows and transportation activities between the two countries via the Taninthayi-Mawtaung route will be able to resume. In addition, the socio-economic conditions of local residents, including healthcare and education, are expected to improve. Local residents reportedly expressed joy over these developments and warmly welcomed the Tatmadaw columns with victory flowers and congratulatory garlands.

Border areas shared by the two countries are vital lifelines for bilateral economic, social, and diplomatic cooperation. Armed terrorist activities carried out in these important border regions by KNU, KNLA, and PDF terrorists not only seriously harm the long-term interests of both countries, but also greatly undermine the friendship and good-neighbourly relations that have been firmly maintained for many years. Therefore, the public strongly condemns and opposes such actions.

The State government has been inviting ethnic armed organizations to return to the legal fold in order to end armed conflicts and resolve political issues through political means. As a result, some PDF groups, along with ethnic armed groups, have reportedly re-entered the legal framework by coordinating with nearby security stations in certain regions and states. In addition, some members of PDF groups have reportedly come to accept and trust the Tatmadaw's peace process and wish to make amends to the State and the public, and therefore many more are expected to return to the legal fold. These developments are being presented with pride for the victorious members of the Myanmar Tatmadaw engaged in combat operations. 100

# Tatmadaw columns totally reoccupy Mawtaung temporarily controlled by KNU, KNLA and PDF terrorists, to resume regional development and bilateral trade flow



Tatmadaw columns recapture Mawtaung town that had been temporarily controlled by terrorist insurgent coalition groups.



Tatmadaw columns recapture Mawtaung town that had been temporarily controlled by terrorist insurgent coalition groups.



Record of damage to Bridge No. 9 due to mine blasting and destruction by terrorists.



Tatmadaw columns recapture the fire station in Mawtaung town that had been temporarily controlled by terrorist insurgent coalition groups.

**Nay Pyi Taw May 19**

Mawtaung, located in Taninthayi Township, Myeik District, Taninthayi Region, is the easternmost town in the southern part of Myanmar. The town is sharing border with Thailand and serves as a border trade station of Myanmar. In exporting Myanmar's marine products and locally produced goods to Thailand through the Myeik-Mawtaung route and onward to Thailand is the shortest, taking about seven hours. Mawtaung is also an economically important border town.

As Mawtaung is an important border town for the State, the innocent and law-abiding civilians living and working there were allegedly influenced and incited by the terrorist groups CRPH and NUG. In addition, KNU, KNLA, and PDF terrorists recruited and misled them with political incentives such as "democracy" and "regional development," and provided them with terrorist training, thereby transforming them into terrorists. These groups then launched a surprise attack on the security forces stationed in Mawtaung using overwhelming force. Tatmadaw columns resisted with full determination, prioritizing the defence of Mawtaung and preventing it from falling into enemy hands. However, due to the enemy's continuous reinforcement of troops, the increasing number of casualties among officers and other ranks on their own side, and the need to minimize damage and destruction to the homes and properties of local civilians, they conducted successive defensive actions and carried out a tactical withdrawal. As a result, Mawtaung was temporarily occupied by the combined terrorist groups on 14 November 2025.

Mawtaung has a cross-border trade station between the two countries, where marine products and agricultural goods from the Taninthayi Region are officially exported to Thailand, while goods from the neighboring country also enter Myanmar. However, due to the violent activities of KNU, KNLA, and PDF terrorists, cross-border trade flows were suspended, resulting in significant losses to the socioeconomic lives of local residents, including education and healthcare. In addition, these groups allegedly collaborated with corrupt opportunists to illegally extract and sell the State's natural resources for their own benefit.

Accordingly, Tatmadaw columns carried out necessary preparations and force restructuring to retake and regain control of Mawtaung, which had been temporarily occupied by KNU, KNLA, and PDF terrorists, and to reopen the Taninthayi-Yephyu–Theinkhun-Thaephyu-Mawtaung route. The units were deployed in separate columns, established successive footholds step by step, and launched a counteroffensive from 5 May 2026 with a determined "fight at all costs" spirit, prioritizing mission completion over personal safety. As a result, the Tatmadaw columns successfully regained full control in stages: Point 271 hill on 9 May, two temporary defensive positions near Phaungseik village on 12 May, Phaungseik village on 13 May, Hnonpwa village on 15 May, No. (5) village on 16 May, No. (3) village on 17 May, No. (1) village on 18 May, and finally, Mawtaung town at 4 pm on 19 May. During their retreat, KNU, KNLA, and PDF terrorists allegedly disregarded the interests of local civilians and carried out malicious acts, including the planting and detonation of mines that destroyed the bridges at No (9) village and No. (8) village.

Tatmadaw columns, prioritizing mission completion over their own lives, bravely carried out successive counteroffensives to retake *See Page 13*



Weapons, ammunition, and related materiel captured from terrorist insurgent coalition groups.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက နှစ်ယောက်မောင်းမော်ဒယ်အသစ် Su-57 Felon တိုက်လေယာဉ်ကို စမ်းသပ်မောင်းနှင်မှုများ လုပ်ဆောင်ခဲ့



ရုရှားနိုင်ငံသည် ၎င်း၏ပဉ္စမမျိုးဆက် ကိုယ်ပျောက် တိုက်လေယာဉ်ဖြစ်သော နှစ်ယောက်မောင်းမော်ဒယ်အသစ် Su-57 Felon ကို စမ်းသပ်မောင်းနှင်မှုများ လုပ်ဆောင်ခဲ့ကြောင်း Defence Blog သတင်းဌာနက မေ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Su-57 Felon တိုက်လေယာဉ်သည် ကနဦးစမ်းသပ်မှုအပိုင်းအဖြစ် မြေပြင်မောင်းနှင်စမ်းသပ်မှုများပြီးစီးခဲ့သည့်"Felon" တိုက်လေယာဉ်၏ အသွင်ပြောင်း နှစ်ယောက်မောင်းတိုက်လေယာဉ်ဖြစ်သည်။

ရုရှားကာကွယ်ရေးဆိုင်ရာ သတင်းမီဒီယာများတွင် အဆိုပါ Su-57 Felon တိုက်လေယာဉ်၏ လေယာဉ်ကိုယ်ထည်တည်ဆောက်ပုံတွင် ရှေ့ပိုင်းလေယာဉ်မှူးခန်းသည် ထင်ရှားစွာ ပိုမိုရှည်လျားသွားပြီး ဒုတိယလေယာဉ်မှူး ထိုင်ခုံခန်းတစ်ခုကို ထပ်မံဆုံဝင်စေရန် ပြုလုပ်ထားကြောင်း ဖော်ပြထားသည်။ ဤသည်မှာ ရုရှားနိုင်ငံထုတ် တိုက်ပွဲဝင်လေ့ကျင့်ရေးလေယာဉ်အများစုတွင် အသုံးပြုလေ့ရှိသည့် ရှေ့နောက်တန်းစီ နှစ်ယောက်မောင်းစနစ်ပုံစံနှင့်ကွက်တိကိုက်ညီနေသည်။

NATO အဖွဲ့မှ "Felon" ဟုအမည်ပေးထားသော Su-57 တိုက်လေယာဉ်သည် ရုရှားနိုင်ငံ၏ အဆင့်မြင့်ဆုံး စစ်ဆင်ရေးသုံးတိုက်ပွဲဝင်လေယာဉ်တစ်စီးဖြစ်သည်။ ၎င်းသည် Sukhoi ကုမ္ပဏီမှ တီထွင်ဒီဇိုင်းဆွဲပြီး ရုရှားအရှေ့ဖျားဒေသရှိ Komsomolsk-on-Amur လေယာဉ်ထုတ်လုပ်ရေးစက်ရုံတွင် ထုတ်လုပ်သည့် အင်ဂျင်နှစ်လုံးတပ်ဘက်စုံသုံး ကိုယ်ပျောက် တိုက်လေယာဉ်ဖြစ်သည်။ ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်ခဲ့သည့် ရှည်လျားလှသော လေယာဉ်ထုတ်လုပ်မှုစီမံကိန်းအပြီးတွင် အဆိုပါ တိုက်လေယာဉ်ကို ၂၀၂၀ ပြည့်နှစ်မှစတင်ကာ ရုရှားလေကြောင်းနှင့် အာကာသတပ်ဖွဲ့တွင် ကန့်သတ်ချက်ဖြင့် စတင်တာဝန်ပေးခဲ့ပြီး နောက်ပိုင်းတွင် စစ်ဆင်ရေးဆိုင်ရာ လိုအပ်ချက်ပြည့်မီစေရန်အတွက် အရှိန်ဖြင့် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ Su-57 Felon တိုက်လေယာဉ်တွင် ရေဒါလှိုင်းများဖမ်းယူရခက်ခဲစေမည့် ပုံသဏ္ဌာန်တည်ဆောက်မှု၊ အတွင်းဘက် လက်နက်သိုလှောင်ခန်းများ၊ အင်ဂျင်အိတ်ဇောတွန်းအားလမ်းကြောင်း ပြောင်းလဲနိုင်သည့် အင်ဂျင်များနှင့် အဆင့်မြင့် အာရုံခံစနစ်များ ပါဝင်ဖွဲ့စည်းထားသည်။

ဝေဟင်စိုးမိုးရေးကဏ္ဍတွင် အမေရိကန်၏ F-22 Raptor တိုက်လေယာဉ်ကို ရုရှားဘက်မှတုံ့ပြန်ယှဉ်ပြိုင်နိုင်ရန် Su-57 Felon တိုက်လေယာဉ်ကို ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သည်။ ဤနှစ်ယောက်မောင်းမော်ဒယ်အသစ် Su-57 Felon တိုက်လေယာဉ်၏ထူးခြားအရေးပါမှုမှာ လေယာဉ်မှူးများအတွက် လက်တွေ့စစ်ဆင်ရေးအသုံးဝင်မှုထက် ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့် အလားအလာပေါ်တွင် ပိုမိုတည်မှီနေသည်။ ပုံမှန်အားဖြင့် တစ်ယောက်မောင်း တိုက်ပွဲဝင်လေယာဉ်များကို ဝယ်ယူမည့်ပြည်ပဝယ်ယူသူနိုင်ငံများ၏ လေယာဉ်မှူးများအတွက်မှု ရုရှားလေယာဉ်မှူးများကဲ့သို့ စနစ်တကျသင်တန်းကျောင်းများနှင့် ပုံတူမောင်းနှင်မှု လေ့ကျင့်ရေးယန္တရားများ မရှိကြသဖြင့် ၎င်းတို့အတွက် သီးသန့်နှစ်ယောက်မောင်း လေ့ကျင့်ရေး လေယာဉ်မော်ဒယ်မှာ မရှိမဖြစ်လိုအပ်လှသည်။ ပြည်ပလေတပ်များသို့ တစ်ယောက်မောင်း Su-57 Felon မော်ဒယ်တစ်ခုတည်းကိုသာ တင်ပို့မည်ဆိုပါက ဝယ်ယူသည့်နိုင်ငံများအပေါ် လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုး အလွန်ကြီးမားစေမည်ဖြစ်ရာ ဤနှစ်ယောက်မောင်း မော်ဒယ်ထွက်ပေါ်လာခြင်းသည် နည်းပညာအရပြည်ပသို့အကြီးအကျယ် တင်ပို့ရောင်းချနိုင်ရန်အတွက် လက်တွေ့ကျသော ကြိုတင်လိုအပ်ချက်တစ်ခုဖြစ်လာပေသည်။

**Russia develops new version of its Su-57 Felon fighter ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ကြည်းတပ်က နောက်ဆုံးပေါ် Bumblebee ဒရုန်းတိုက်ဖျက်ရေးစနစ်ကို စမ်းသပ်ခဲ့



အမေရိကန်ကြည်းတပ်သည် မော်ရိုကိုနိုင်ငံ၌ ကျင်းပသည့် African Lion 26 စစ်ရေးလေ့ကျင့်မှုအတွင်း နောက်ဆုံးပေါ် Bumblebee (ပိတုန်း) ဒရုန်းတိုက်ဖျက်ရေးစနစ်ကို စမ်းသပ်ခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းပဋိပက္ခအတွင်း ခေတ်သစ်စစ်ဆင်ရေးပုံစံကိုလုံးဝပြောင်းလဲပစ်လိုက်သည့် တန်ဖိုးနည်းအသေခံတိုက်ခိုက်ရေးဒရုန်းများ၏ ကြီးထွားလာနေသော ခြိမ်းခြောက်မှုမှ စစ်သည်များနှင့် စစ်အခြေစိုက်စခန်းများကို ကာကွယ်ရန်အတွက် ပင်တဂွန်စစ်ဌာနချုပ်က ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်တင်လာစဉ် ယခုကဲ့သို့ စမ်းသပ်မှု ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ကျစရိတ်သက်သာသော မောင်းသူမဲ့ လေကြောင်းခြိမ်းခြောက်မှုများသည် သမားရိုးကျ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အလုံးအရင်းနှင့်ဖောက်ထွက်ကျော်လွှားပြီး မိမိတို့၏ သံချပ်ကာတပ်ဖွဲ့များ၊ ထောက်ပံ့ပို့ဆောင်ရေးအချက်အချာများနှင့် ရှေ့တန်းအခြေစိုက်စခန်းများကို ခြိမ်းခြောက်နိုင်သည့်အချက်ကို အမေရိကန်ကြည်းတပ်က လေ့လာဆန်းစစ်နေစဉ် ဤကျစ်လျစ်ပေါ့ပါးသော ဒရုန်းတိုက်ဖျက်ရေးစနစ်ကို ထည့်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ကြည်းတပ်က ၂၀၂၆ ခုနှစ် မေ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ အမေရိကန်စစ်သည်များသည် အမေရိကန် - အာဖရိက စစ်ဌာနချုပ် (U.S. Africa Command) က ဦးစီးကျင်းပသည့် နိုင်ငံစုံပူးတွဲစစ်ရေးလေ့ကျင့်မှု African Lion 26 အတွင်း Bumblebee ဒရုန်းတိုက်ဖျက်ရေးစနစ်ကို အသုံးပြု၍လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ရုရှား-ယူကရိန်းပဋိပက္ခအတွင်း၌ ကုန်ကျစရိတ် အလွန်သက်သာလှသော FPV ဒရုန်းများသည် ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသည့် သံချပ်ကာယာဉ်များ၊ အမြောက်တပ်စနစ်များနှင့် ထောက်ပံ့ရေးယာဉ်တန်းများကို မည်သို့ချေမှုန်းဖျက်ဆီးနိုင်သည်ကို လက်တွေ့ပြသခဲ့ပြီး နောက်ပိုင်း ကျစ်လျစ်သိပ်သည်းသော ဒရုန်းတိုက်ဖျက်ရေးစနစ်များ၏ စစ်ဆင်ရေးဆိုင်ရာ အရေးပါမှုသည် သိသိသာသာ တိုးတက်မြင့်မားလာခဲ့ကြောင်း သိရသည်။

လေတပ်စခန်းများနှင့် အရေးကြီးသော အခြေခံအဆောက်အအုံများကို ကာကွယ်ရန်အတွက် အဓိကပုံစံထုတ်ထားသည့် အထိုင်ချဒရုန်းဖျက်စနစ်ကြီးများနှင့်မတူဘဲ ယခု Bumblebee (ပိတုန်း) စနစ်ကမူ ရွေ့လျားစစ်ဆင်ရေးဖျူဟာများနှင့် လှုပ်ရှားစစ်မြေပြင်သုံး စစ်ကြောင်းတပ်ဖွဲ့များအတွက် အထူးအကောင်းဆုံးဖြစ်အောင် ဖန်တီးထားဟန်ရှိသည်။ ယခုစနစ်သည် သယ်ဆောင်ရလွယ်ကူပြီး FPV စနစ်သုံး ကြားဖြတ်တိုက်ခိုက်ရေးယာဉ် တစ်မျိုးဖြစ်ကာ ရန်သူ့သတင်းရယူခြင်း၊ ကင်းထောက်ခြင်းနှင့် ထောက်လှမ်းခြင်း မစ်ရှင်များကို လုပ်ဆောင်နိုင်သည့်အပြင် တစ်ဖက်တွင်လည်း ဖောက်ခွဲရေးပစ္စည်းများ သယ်ဆောင်ခြင်းနှင့် ပစ်မှတ်ကို တိုက်ခိုက်ခြင်း ကဏ္ဍများကိုပါ ပူးတွဲလုပ်ဆောင်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် မြေပြင်ထိန်းချုပ်မှုစခန်း တစ်ခုတည်းမှနေ၍ မောင်းသူမဲ့လေယာဉ် အမြောက်အမြားကို တစ်ပြိုင်တည်း ထိန်းချုပ် မောင်းနှင်နိုင်စွမ်းရှိသဖြင့် ရှေ့တန်း စစ်ဗျူဟာမြောက်တပ်ဖွဲ့ငယ်များအနေဖြင့် ဖြန့်ကြက်စစ်ဆင်ရေးများအတွင်း ပိုမိုမြင့်မားသော လိုက်လျောညီထွေ လှုပ်ရှားနိုင်စွမ်းကို ရရှိစေကြောင်း သိရသည်။

**U.S. Army Tests Bumblebee Counter-Drone System Against Deadly FPV Drone Threats ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တောင်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ သမိုင်းအကျဉ်း၊ တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းလုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက် လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသ၏ သမိုင်းကြောင်းအစဉ်အလာနှင့် ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်ဖြစ်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံများနှင့်အတူတကွ ဝိုင်းဝန်းဆောင်ရွက်ပေးသွားရန် လိုအပ်သည့်အခြေအနေများ၊ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့်တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝနေရန် လိုအပ်သည့် အခြေအနေများ၊ အဆင့်ဆင့်သော ခေါင်းဆောင်များကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမှသာလျှင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်သည့် တပ်များဖြစ်လာမည်ဖြစ်သဖြင့် စစ်သည်တစ်ဦးချင်း စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်ကောင်းများရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တိုင်းစစ်ဌာနချုပ် ခန်းမဥ္စလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဆီဆိုင်၊ ဘန်းယဉ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို နယ်မြေခံတပ် ခန်းမဥ္စလည်းကောင်း သီးခြားစီသွားရောက် တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကားပြောကြားရာတွင် သမိုင်းအစဉ်အလာ

**အရေးကြီးမှသွေးစည်းသည်ဆိုသည်ထက် အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ မည်သည့်အချိန်တွင်မဆို မိမိတို့က သွေးစည်းသည်ဆိုသည့် စိတ်ဓာတ်မျိုးရှိရန်လို၊ တိုင်းပြည်ချစ်စိတ်နှင့် တပ်မတော်ချစ်စိတ်ကိုအခြေခံပြီး မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိ၏ မိသားစုအပေါ်သစ္စာရှိရန်၊ မိမိ၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ်သစ္စာရှိရန်၊ တပ်မတော် အပေါ်နှင့် နိုင်ငံတော်အပေါ်သစ္စာရှိရန်လို...**

ကြီးမားသော တိုင်းစစ်ဌာနချုပ်တစ်ခုဖြစ်၍ တာဝန်ထမ်းဆောင်ခွင့်ရသော အရာရှိ၊ စစ်သည်များအနေဖြင့် ဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် ဆင့်ကဲအုပ်ချုပ်မှုစနစ်ရှိပြီး အဆင့်လိုက်ခေါင်းဆောင်မှုတာဝန်ထမ်းဆောင်ရာတွင် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ တော်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း၊ စစ်သားကောင်းတစ်ယောက်ဖြစ်အောင်နေထိုင်ခြင်း၊ စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ နှင့်အညီ ပြုမူပြောဆိုခြင်းနှင့် တပ်ကိုတပ်နှင့်တူအောင် စနစ်တကျ ထိန်းကျောင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ယုံကြည်အားကိုးမှုကို ရရှိမည်ဖြစ်ကြောင်း၊ တရားသောစစ်ကိုအောင်နိုင်ခြင်းသည် ပြည်သူ၏အားကိုးယုံကြည်မှုကိုရရှိမည်ဖြစ်ပြီး တပ်မတော်သည်နိုင်ငံ၏ Last Defenceဖြစ်၍ ခိုင်ခိုင်မာမာတည်ဆောက်နေရန်လိုကြောင်း။

နိုင်ငံတော်အတွက် အကျပ်အတည်းအချိန်ကာလများတွင် တပ်မတော်သည်အသင့်ဖြစ်ခဲ့၍ တိုင်းပြည်ပြိုကွဲမည့်အန္တရာယ်မှ အချိန်မီတားဆီးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့အမြဲအသင့်ဖြစ်နေရန် စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်ရေးကောင်းစွာလေ့ကျင့်နေရန်လိုကြောင်း၊ **အရေးကြီးမှသွေးစည်းသည်ဆိုသည်ထက် အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ မည်သည့်အချိန်တွင်မဆို မိမိတို့က သွေးစည်းသည်ဆိုသည့် စိတ်ဓာတ်မျိုးရှိရန်လိုကြောင်း၊ တိုင်းပြည်ချစ်စိတ်နှင့် တပ်မတော်ချစ်စိတ်ကိုအခြေခံပြီး မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိ၏မိသားစုအပေါ် သစ္စာရှိရန်၊ မိမိ၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ်သစ္စာရှိရန်၊ တပ်မတော်အပေါ်နှင့်နိုင်ငံတော်အပေါ်သစ္စာရှိရန်လိုကြောင်း။**

တပ်မှူးကောင်းသည် ပြောဆိုဆုံးမရန်လိုအပ်သည်ကိုပြောဆိုဆုံးမသကဲ့သို့ ဂုဏ်ပြုချီးမြှောက်သင့်သည်ကိုလည်း ချီးမြှောက်ပေးရန်လိုကြောင်း၊ သဘောကောင်းသည်နှင့် စေတနာထားခြင်းသည်မတူညီကြောင်း၊ စေတနာထားသည်ဆိုသည်မှာ မဖြစ်သင့်မဖြစ်ထိုက်သည်များကို စဉ်းစားဆင်ခြင်ပြီး ဖြစ်သင့်ဖြစ်ထိုက်ခြင်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မိသားစုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ဘာသိဘာသာဖြင့် နေသာသလိုနေခြင်း၊ စည်းကမ်းချိုးဖောက်မှုကို လျစ်လျူရှုခြင်းသည် အဆိုပါမိသားစုနှင့် အဖွဲ့အစည်းကိုပျက်စီးစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရန်အတွက် စစ်တိုက်တော်ရန်လိုပြီး စစ်ကျောင်းကြီးများအနေဖြင့် အပြည့်အဝ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တိုက်ပွဲဝင်စိတ်ဓာတ်ရှိအောင် ဆောင်ရွက်ရာတွင် စစ်တိုက်တတ်ရုံနှင့်မရဘဲ စိတ်ဓာတ်ကိုပါပြုပြင်ရမည်ဖြစ်သည့်အတွက် တိုက်ရဲအောင်၊ စိတ်ဓာတ်ကောင်းအောင် မိသားစုများ၏ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ နောက်ဆံမငင်ရအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ Professional သည် စစ်တိုက်ရန်ဖြစ်ပြီး စစ်တိုက်ရန်အတွက် စစ်ရေးစွမ်းရည်ထက်မြက်ရမည်ဖြစ်ကြောင်း။

Standard Army ဖြစ်ရန် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားထက်မြက်နေရန် လိုပြီး ပြောင်းလဲလာသော ခေတ်သစ်စစ်ပွဲများနှင့် နည်းပညာများကို သိရှိလေ့လာနေရန်လိုကြောင်း၊ ခေတ်သစ်နည်းပညာအသုံးပြုထားသော စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်စွာလက်တွေ့အသုံးချနိုင်ရန်လိုပြီး မိမိကြံဆမှုဖြင့်ပေါင်းစပ်၍ တိုက်ပွဲဝင်နိုင်ရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်အောင်၊ ကျွမ်းကျင်အောင်၊ ရဲစွမ်းသတ္တိရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံတကာတပ်မတော်များနှင့် လိုက်လျောညီထွေမှုဖြစ်အောင်၊ တပ်မတော်၏ အရည်အသွေးကိုမြှင့်တင်နိုင်ရန် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဆိုသည့် လေ့ကျင့်ရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဟူ၍ရှိပြီး မိမိတို့တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များစုပေါင်းပြီး အဖွဲ့အစည်း၏စွမ်းရည်များရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် မိမိ၏မျိုးဆက်အပေါ်ပေးနိုင်သော အကောင်းဆုံးအမွေမှာ ပညာအမွေသာဖြစ်ကြောင်း၊ ပညာအမွေပေးနိုင်ခြင်းဖြင့် ကောင်းမွန်သောအနာဂတ်ကို လမ်းဖွင့်ပေးနိုင်မည်ဖြစ်ပြီး လမ်းမှား မရောက်စေရေးအတွက်လည်း ထိန်းကျောင်းပေးရာ ရောက်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက်လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊

ကျောင်းသူများအနေဖြင့် အနည်းဆုံး KG+9 တက်ရောက်အောင်မြင်အောင် တက်ရောက်သင်ကြားရန်လိုကြောင်း၊ KG+9(အခြေခံပညာအလယ်တန်းအဆင့်) တက်ရောက်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊စိုက်ပျိုးရေးသိပ္ပံ၊မွေးမြူရေးသိပ္ပံကျောင်းများသို့ တက်ရောက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မိခိုသူသားသမီးများ၏ ပညာရည်မြင့်မားလာပါက တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူရလာမည်ဖြစ်ကြောင်း၊ အလားတူ တပ်မှူးများသည် တပ်မတော်သားများ၏ အတန်းပညာမြင့်မားရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာဖောက်မှု၊ငွေကြေးရှုပ်ထွေးမှု၊လူမှုရေးရှုပ်ထွေးမှု၊မူးယစ်ဆေးဝါးမှုများသည် ခွင့်လွှတ်ပေး၍မရကြောင်း၊ ပြုပြင်ဆုံးမပေးနိုင်သော အပြစ်ဖောက်ဖျက်မှုများအတွက် ပြုပြင်ဆုံးမကာ သဘောပေါက်နားလည်စေခြင်းဖြင့် ထိန်းသိမ်းပေးရန်လိုကြောင်း၊ တပ်ရင်းမှူးနှင့် တပ်ရင်းမှူးဇနီးသည် တပ်၏အမိအဖဖြစ်ပြီး တပ်တွင်လိုက်ပါနေထိုင်သည့် အရာရှိဇနီးများသည် ခင်ပွန်းသည်၏အလုပ်ကို ကူညီပေးရန်ဖြစ်သော်လည်း ဝင်ရောက်စွက်ဖက်၍မရကြောင်း၊ ခေါင်းဆောင်မှုကောင်းခြင်းဖြင့် မိမိကွပ်ကဲရသောအဖွဲ့အစည်းအတွက် အေးမြသောအရိပ်အာဝါသတစ်ခုကိုဖြစ်စေပြီး စည်းလုံးညီညွတ်မှုနှင့် တပ်နေပျော်ရေးကို ဖြစ်ပေါ်စေကြောင်း၊ **ကောင်းမွန်သောခေါင်းဆောင်မှုဖြင့် မိမိတပ်အပေါ် စေတနာထားကာ စည်းကမ်းကောင်းမွန်၍ စွမ်းရည်သုံးရပ်ထက်မြက်အောင် တည်ဆောက်ပေးနိုင်သော တပ်မှူးများကို ၎င်းတပ်ရင်းက တသသအမှတ်ရနေမည်ဖြစ်ကြောင်း။**

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ပါမကောင်းနိုင်ကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်းထိန်းသိမ်းရေး အပါအဝင် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်သွားရန်လိုပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ စစ်သားဖြစ်၍ အမိန့်နာခံရမည်ဖြစ်ပြီး အမိန့်မှာ တရားမျှတသောအမိန့်ဖြစ်ရန် လိုကြောင်း။

သက်သာချောင်ချိရေးနှင့် တည်ဆောက်မှုအပိုင်းတွင် အထက်မှပေးထားသည့် သက်သာချောင်ချိရေးများရှိသကဲ့သို့ မိမိကိုယ်တိုင်ဆောင်ရွက်ရမည့် သက်သာချောင်ချိရေးများလည်းရှိပြီး တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးကို အောင်မြင်အောင် ဆောင်ရွက်ခြင်းသည် မိမိကိုယ်တိုင်ဆောင်ရွက်သည့် သက်သာချောင်ချိရေးပင်ဖြစ်ကြောင်း၊ မှန်မှန်ကန်ကန်နှင့် သက်သာချောင်ချိရေးကို လုပ်ဆောင်မည်ဆိုလျှင် တပ်တွင်း စည်းလုံးညီညွတ်ရေးများတွင်လည်း အထောက်အကူရရှိမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစိုက်ပါက တစ်ဦးချင်းအကျိုးခံစားရပြီး တပ်ပိုင်ဆောင်ရွက်ပါက မိသားစုဝင်အားလုံးအကျိုးခံစားရမည်ဖြစ်၍ မိမိဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

တပ်ရင်းတပ်ဖွဲ့များရှိ သက်သာဆိုင်များသည် မိသားစုဝင်များအမှန်တကယ်သက်သာမှုရှိအောင်ဆောင်ရွက်ပေးရန်နှင့် စစ်သည်၊



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။

မိသားစုများအနေဖြင့် ခြိုးခြံချွေတာရေးကို အသိစိတ်ဖြင့် လိုက်ပါလုပ်ဆောင်နိုင်ရန်လိုကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နေထိုင်ရေးအဆင်ပြေစေရန် ရေ၊ မီး၊ မိလ္လာမှစ၍အခြေခံလိုအပ်ချက်များကိုအခက်အခဲများမရှိအောင် စစ်ဆေးပြုပြင်ပေးရန်လိုကြောင်း၊ ထို့ပြင် စစ်သည်များအနေဖြင့် မိမိတို့၏အခက်အခဲများကို သတင်းပို့တင်ပြနိုင်စေရေးဆောင်ရွက်ပေးသွားရန်လိုကြောင်း။

တိုင်းစစ်ဌာနချုပ်အနေဖြင့် ဘောလုံး၊ ဘော်လီဘော၊သေနတ်ပစ်၊လက်ဝှေ့၊ပြေးခုန်ပစ်စသည့်အားကစားများတွင် တပ်မတော်ကိုယ်စားပြု၊ နိုင်ငံ့ကိုယ်စားပြုလက်ရွေးစင်များမွေးထုတ်ပေးနိုင်သည်ထိ လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်ရန်မှာ ချက်ချင်းထလုပ်၍မရနိုင်ဘဲ ပုံမှန်လေ့ကျင့်ပြီး ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်၏စွမ်းရည်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ ဘန်းယဉ်တပ်နယ်မှ စစ်သည်မိသားစုများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် တပ်မတော်တစ်ရပ်တည်းနှင့် ထမ်းဆောင်၍မရဘဲ ပြည်သူပါဝင်မှသာရမည်ဖြစ်သောကြောင့် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ရန်လို . . .**

**တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အရေးကြီးဆုံးဖြစ်သဖြင့် ခိုင်မာကျစ်လျစ်အောင် တည်ဆောက်၍ နိုင်ငံတော်ကအားထားရသော၊ ပြည်သူကအားကိုးရသော တပ်များဖြစ်အောင် တည်ဆောက်သွားကြရန်တိုက်တွန်းလို...**

မြှင့်တင်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် “ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”မှာအရေးကြီးကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အားနည်းချက်များကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့်အပိုင်းတွင် ထိခိုက်မှုများရှိကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့်လျော်ညီစွာ နေထိုင်စားသောက်ကြရန်လိုကြောင်း။

အမျိုးသမီးစစ်မှုထမ်းများနှင့် ပတ်သက်ပါက ၎င်းတို့သည် တပ်မတော်၏အင်အားတစ်ရပ်ဖြစ်၍ မောင်နှမစိတ်မွေးရန်နှင့် လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထားကာ ဖေးမလက်တွဲခေါ်ယူရန် လိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများအနေဖြင့်လည်း မိမိကြောင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်း ဂုဏ်သိက္ခာထိခိုက်စေမည့် ပြုမူပြောဆိုနေထိုင်မှုများရှောင်ကြဉ်ရန်လိုကြောင်း၊ ရဲမေများသည် တပ်မတော်၏အရန်အင်အားများဖြစ်ပြီး ရှဒူဗွတ်၊ ကုန်းကြမ်း၊ လုပီ၊ ဝိန်းကောင်ဖြစ်စဉ်များတွင် ရဲမေများ၏ ရဲဝံ့စွန့်စားစွာ ရန်သူကိုတုံ့ပြန်တိုက်ခိုက်ခဲ့သည့် အစဉ်အလာမှတ်တမ်းကောင်းများရှိကြောင်း။

ပြည်သူ့စစ်မှုထမ်းများတွင် ကိုယ်တိုင်ဆန္ဒပြုဝင်ရောက်လာကြသူများ ရှိသကဲ့သို့ ဆင့်ခေါ်မှုအရ ဝင်ရောက်လာကြသူများလည်း ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာကြသော်လည်း တာဝန်ထမ်းဆောင်မှုအပိုင်းတွင် ကျေနပ်အားရဖွယ်တွေ့ရှိရကြောင်း၊ ယခုအခါအမှတ်စဉ်(၂)ထိ တာဝန်ထမ်းဆောင်မှု ကာလပြည့်မြောက်ခဲ့ရာ ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒပြု၍ အမှုထမ်းလိုသူများ အများအပြားတွေ့ရှိရသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်းနှင့် ရဲဘော်ရဲဘက်စိတ်ဖြင့် လက်တွဲခေါ်ရန်လိုကြောင်း၊ ထို့ပြင် တပ်မတော်၏ အရန်အင်အားဖြစ်သည့် စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက်လည်း တပ်မတော်က စစ်မှုထမ်းဟောင်းအိမ်ရာများ ဆောက်လုပ်ပေးကာ လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများအနေဖြင့် တပ်နယ်များရှိစစ်မှုထမ်းဟောင်းမိသားစုများကို သွားရောက်တွေ့ဆုံအားပေးကာ တင်ပြချက်များအပေါ် အရေးတယူဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ဆီဆိုင်ဒေသသည် အကြမ်းဖက်သောင်းကျန်းသူများ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်းခံရပြီး တပ်နယ်များမှ အရာရှိစစ်သည်များနှင့် ရဲမေများ၏ ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိခဲ့ရာ ပါဝင်ခဲ့သူများအားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ဆီဆိုင်-ဘန်းယဉ်ဒေသရှိ တိုင်းရင်းသားပြည်သူများသည် ရိုးသားအေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်သော ဒေသဖြစ်သော်လည်း အနိုင်ကျင့်ဗိုလ်ကျလိုသော အကြမ်းဖက်သောင်းကျန်းသူများကြောင့်သာ အကျည်းတန်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် တပ်မတော်တစ်ရပ်တည်းနှင့် ထမ်းဆောင်၍မရဘဲ ပြည်သူပါဝင်မှသာရမည်ဖြစ်သောကြောင့် တပ်တွင်း၊တပ်ပြင်စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ အင်အားတည်ဆောက်ရမည်ဖြစ်သကဲ့သို့ တပ်ပြင်နှင့်ပတ်သက်ပါက ပြည်သူသာအမိ၊ ပြည်သူသာအဖဖြစ်သည့်အတွက် ပြည်သူနှင့် တစ်သားတည်းဖြစ်အောင်လုပ်ရန် တာဝန်ရှိကြောင်း။

တပ်တွင်း စည်းလုံးညီညွတ်ရေးတွင် ခေါင်းဆောင်မှုသည် လွန်စွာအရေးကြီး၍ သမာသမတ်ရှိပြီး မျှတစွာခေါင်းဆောင်နိုင်သည့် တပ်မှူးများဖြစ်ရန်လိုပြီး သတ္တိရှိရှိလုပ်ရဲကိုင်ရဲရှိရန်လိုကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် စည်းမျဉ်းစည်းကမ်းဥပဒေနှင့်အညီလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းဥပဒေကျော်လွန်ပြီး လုပ်ဆောင်ပါက မှားယွင်းမည်ဖြစ်ကြောင်း။

တပ်တွင်း စည်းလုံးညီညွတ်ရေးသည် အရေးကြီးဆုံးဖြစ်သဖြင့် ခိုင်မာကျစ်လျစ်အောင်တည်ဆောက်၍နိုင်ငံတော်ကအားထားရသော၊ ပြည်သူကအားကိုးရသော တပ်များဖြစ်အောင် တည်ဆောက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ၏တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်များအလိုက် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်နှင့်ဘန်းယဉ်တပ်နယ်များအတွင်းရှိ တပ်ရင်း၊တပ်ဖွဲ့များကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး စစ်သည်မိသားစုများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့မျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲအားပေးထောက်ခံခဲ့ပါကြောင်း၊ မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးလာရောက်ကူညီ ထောက်ပံ့ပေးခဲ့သည်များကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုလျက်ရှိပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အေးအတူပူအမျှ အသိုက်အဝန်းတစ်ရပ် တည်ထောင်ရေး လုပ်ငန်းများကို ထောက်ခံပါကြောင်း၊ တရုတ် - မြန်မာ နှစ်နိုင်ငံလွှတ်တော် အချင်းချင်း ပိုမိုရင်းနှီးနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ လွှတ်တော်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှတစ်ဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် သုံးရပ်ပေါ်ထွက်လာခဲ့ပြီး မိမိအနေဖြင့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်တွင် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပါကြောင်း၊ လွှတ်တော်သည် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော နေရာတစ်ခုဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် အဓိကတာဝန်ကြီး လေးရပ်ရှိပြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများကို ရွေးချယ်ပေးရခြင်း၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အေးချမ်းလုံခြုံစွာနေထိုင်နိုင်ရေးတို့အတွက် မဏ္ဍိုင်ကြီး သုံးရပ်အကြား အချင်းချင်း အပြန်အလှန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများကို ပြည်သူများနားလည်ပူးပေါင်း ဆောင်ရွက်နိုင်စေရန် ပြည်သူကို ကိုယ်စားပြု၍ ကြားခံဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ရပါကြောင်း။

အဆိုပါ လွှတ်တော်ကို အားဖြည့်ဆောင်ရွက်ပေးသည့် အမြဲတမ်းကော်မတီ လေးရပ်ရှိပါကြောင်းနှင့် လာမည့် လွှတ်တော်ကာလတွင်လည်း ယာယီကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်ပါကလည်း ကော်မရှင်နှင့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအတွက် ရက် ၁၀၀ စီမံကိန်း ချမှတ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း လိုအပ်သည့်နေရာမှ ပေါင်းစပ်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေမူကြမ်း ရေးဆွဲ၍ ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် လွှတ်တော်အနေဖြင့်လည်း ယခု ကျင်းပမည့် ဒုတိယပုံမှန် အစည်းအဝေးတွင် အဆိုပါ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းကို ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယခုနှစ်တွင် စတင်မည့် ၁၅ ကြိမ်မြောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်း ငါးနှစ်စီမံကိန်း (၂၀၂၆-၂၀၃၀)နှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ပြီး တရုတ် - မြန်မာနှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတစ်ရပ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲအားပေး ထောက်ခံခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်များကို တရုတ်ပြည်သူ့ အမျိုးသားကွန်ဂရက်မှ ဦးစွာဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့၍ ထောက်ခံခဲ့ပါကြောင်း၊ ဆက်လက်ပြီး နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးပိုမိုနက်ရှိုင်းစွာ တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံသံရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

**စစ်ကိုင်း မေ ၁၉**

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့အမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်နှင့် မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံ အမွေအနှစ်များကို လေးစားလိုက်နာကာ ချစ်မြတ်နိုးစွာ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်၍ ဝန်ကြီးဌာန လေးခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူ ၂၀၇ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခဌာနမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများပေးအပ်ကာ မနုဿဗေဒပြခန်း၊ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ကွန်ပျူတာလက်တွေ့ခန်း၊ Language Lab၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်မည့်မြေနေရာနှင့် ငါးခူမွေးမြူရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ကလေးငယ်များရဲ့ အနာဂတ်ကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေးခေါင်းစဉ်အောက်မှာ ကလေးငယ်တွေကို အသုံးချနေတဲ့ အစိုးရအမည်ခံအဖွဲ့အစည်း”** ခေါင်းစဉ်ဖြင့် ၂၀-၅-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၇-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“စားပြတိုက်၊ ဆက်ကြေးကောက်၊ အလှူခံအလုပ်နဲ့ပဲ ဇာတ်သိမ်းတော့မည့်ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာတော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြန်မာနှင့် မလေးရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံပွဲ ကျင်းပ

**နေပြည်တော် မေ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ယနေ့တွင် နေပြည်တော်၌ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတို ဆရီ ဥတမ ဟာဂျီ မိုဟာမက် ဘင် ဟာဂျီ ဟာဆန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး MGallery Hotel ၌ အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် အာဆီယံဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ဆိုက်ရောက်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မလေးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဒါတို ဆရီ ဥတမ ဟာဂျီ မိုဟာမက် ဘင် ဟာဂျီ ဟာဆန်တို့ တွေ့ဆုံဆွေးနွေးစဉ်။



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသော ၁၁ ကြိမ်မြောက် "Digitalization of Industrial Russia (2026)" ဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်




**နေပြည်တော် မေ ၁၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ မေ ၁၈ ရက်မှ ၂၂ရက်ထိ ကျင်းပသည့် ၁၁ ကြိမ်မြောက် "Digitalization of Industrial Russia (2026)" ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် Mr. Mikhail Mishustin က အဖွင့်အမှာစကားပြောကြားပြီး ရုရှားနိုင်ငံ၏အဓိကစက်မှုလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ပညာရှင်များက သက်ဆိုင်ရာစက်မှုကဏ္ဍအလိုက် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုဆောင်ရွက်နေသူများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် "The Speed Race: Is Defense Keeping Pace with Threats?" ခေါင်းစဉ်ဖြင့် ကျင်းပသော ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြီး ယနေ့ နိုင်ငံတကာတွင် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးကိုခြိမ်းခြောက်လျက်ရှိသည့် ဆိုက်ဘာနည်းပညာဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်ရေးနှင့် အကောင်းဆုံး တုံ့ပြန်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရုရှားနိုင်ငံနှင့် နိုင်ငံတကာမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်ဆွေးနွေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သတင်းအချက်အလက်ဆိုင်ရာလုံခြုံရေး (IT Security) ဆော့ဖ်ဝဲနှင့် စက်ပစ္စည်းများ ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Security Code ကုမ္ပဏီကို လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များတွင် ယနေ့ခေတ်လုံခြုံမှုဆိုင်ရာနည်းပညာ မျှဝေပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာ ကူးပြောင်းမှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ရုရှားအစိုးရ၏ "Digital Economy" အမျိုးသားစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နည်းပညာနယ်ပယ်တွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် ပြင်ဆင်ထားသည့် နေရာတစ်ခုဖြစ်သည့် NEIMARK တက္ကသိုလ်၏ IT Campus သို့သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား ကျင်းပ

**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းတို့က အမှာစကားပြောကြားကြသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးဟောပြောကြပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များကို မေးမြန်းရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးမင်းဟန် ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံကာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)





**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❍ **မောတောင်မြို့မှအဆက်**

ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများပို့ချပေးကာ အကြမ်းဖက်သမားများအဖြစ်မွေးထုတ်ပေးပြီး မောတောင်မြို့ရှိ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို အင်အားအလုံးအရင်းအသုံးပြု၍ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ တပ်မတော်စစ်ကြောင်းများအနေဖြင့် မောတောင်မြို့ကို ရန်သူ့လက်အောက်သို့ ကျရောက်မှုမရှိစေရေး အသက်ကိုပဓာနမထားဘဲ ခုခံခဲ့ကြသော်လည်း ရန်သူမှာအင်အားအဆမတန်ဖြည့်တင်းလာခြင်း၊ မိမိဘက်မှ အရာရှိ၊ စစ်သည်များ ထိခိုက်ဒဏ်ရာရရှိမှု များပြားလာခြင်းများနှင့် ဒေသခံပြည်သူများ၏ တိုက်တာအိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန်အတွက် အဆင့်ဆင့်ခုခံ၍ စစ်နည်းဗျူဟာမြောက်ဆုတ်ခွာခဲ့သဖြင့် မောတောင်မြို့ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယာယီစိုးမိုးခဲ့ကြသည်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မောတောင်မြို့ကို အလုံးစုံ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့မှု ဖြစ်စဉ်ပြမြေပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက မောတောင်မြို့အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့ နယ်မြေရဲစခန်းပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားစဉ် မောတောင်မြို့ ကုန်သွယ်ရေးဇုန်အနီး မြို့ဝင်ထွက်ဂိတ်ဆောက်လုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းခွဲဖျက်ဆီးမှုကြောင့် အမှတ်(၈)တံတား ပျက်စီးနေမှုမှတ်တမ်းဓာတ်ပုံ။



အမှတ်(၈)တံတား ယာဉ်သွားလာနိုင်ရေး ယာယီပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

မောတောင်မြို့တွင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးစခန်းရှိပြီး တနင်္သာရီတိုင်းဒေသကြီး၏ ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံသို့ တရားဝင်တင်ပို့သကဲ့သို့ တစ်ဖက်နိုင်ငံမှလည်း ကုန်စည်များဝင်ရောက်လျက်ရှိသော်လည်း KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နှစ်နိုင်ငံ နယ်စပ်ကုန်စည်စီးဆင်းမှုများ ရပ်တန့်ထားခဲ့ရပြီး ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများလည်း ဆုံးရှုံးနစ်နာခဲ့ကြရသည်။ ထို့ပြင် **KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဝိသမလောဘသမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်၏ သဘာဝသယံဇာတပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် ခိုးထုတ်ရောင်းချခဲ့ကြသည်။**

သို့ဖြစ်၍ တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော မောတောင်မြို့ကို ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရန်နှင့် တနင်္သာရီ- ရေဖြူ- သိန်းခွန်- သဲဖြူ- မောတောင်လမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်ခြေကုပ်ယူကာ တစ်ဆင့်ပြီးတစ်ဆင့် အသက်ကိုပဓာနမထားဘဲ တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်ဖြင့် ၂၀၂၆ ခုနှစ် မေ ၅ ရက်မှစ၍ ပြန်လည်တိုက်စစ်ဆင် ဆင်နွှဲခဲ့ရာ မေ ၉ ရက်တွင် ရန်သူ၏ ယာယီစခန်းဖြစ်သည့် ပွိုင့် ၂၇၁ တောင်ကုန်းကိုလည်းကောင်း၊ မေ ၁၂ ရက်တွင် ဖောင်ဆိပ်ကျေးရွာအနီးရှိ ရန်သူ့ယာယီခံစစ်နေရာ နှစ်ခုကိုလည်းကောင်း၊ မေ ၁၃ ရက်တွင် ဖောင်ဆိပ်ကျေးရွာကိုလည်းကောင်း၊ မေ ၁၅ ရက်တွင် နှီးပွားကျေးရွာကိုလည်းကောင်း၊ မေ ၁၆ ရက်တွင် အမှတ်(၅) ကျေးရွာကိုလည်းကောင်း၊ မေ ၁၇ ရက်တွင် အမှတ်(၃) ကျေးရွာကိုလည်းကောင်း၊မေ ၁၈ ရက်တွင် အမှတ်(၁) ကျေးရွာကိုလည်းကောင်း၊ မေ ၁၉ ရက်ယနေ့ ညနေ ၄ နာရီတွင် မောတောင်မြို့ကိုလည်းကောင်း တပ်မတော်စစ်ကြောင်းများက အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ KNU၊ KNLA နှင့် PDFအမည်ခံအကြမ်းဖက် သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးစဉ် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ အမှတ်(၉) ကျေးရွာတံတားနှင့် အမှတ်(၈)တံတားတို့ကို မိုင်းထောင်ဖောက်ခွဲခြင်းများကို ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့ကြသည်။

တပ်မတော် စစ်ကြောင်းများက မောတောင်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်ကို ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ

စာမျက်နှာ ၂၁ သို့



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၀ မှအဆက်

ရှုပ်ရှုပ်ချုံချုံ အဆင့်ဆင့်ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊တိုက်ပွဲငယ် ထိတွေ့မှု စုစုပေါင်း ၂၀၇ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၂၄ လောင်း၊ လက်နက်မျိုးစုံ ၂၅ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် မောတောင်မြို့ကို ယာယီစိုးမိုးထားစဉ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များကို ခံစစ်တံတိုင်းသဖွယ် အသုံးပြုခဲ့ကြပြီး အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကိုလည်း လုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် **KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်ဒေသများတွင် အဓိက ကုန်သွယ်မှုစီးပွားရေးဇုန်များ၊ လမ်းတံတား**များနှင့် အခြေခံအဆောက်အအုံများကို အကြောင်းမဲ့ တိုက်ခိုက်ဖျက်ဆီးခြင်းများသည် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုကို ထိခိုက်နစ်နာစေသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း ကြီးမားစွာ နစ်နာစေခဲ့သည်။ မောတောင်-ကြိမ်ချောင်းဒေသမှ ထွက်ရှိသည့် နိုင်ငံတော်၏ သဘာဝသယံဇာတများကို မတရားခိုးယူ တူးဖော်ကာ တစ်ဖက်နိုင်ငံသို့ တရားမဝင် တင်ပို့ရောင်းချနေသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ များစွာဆုံးရှုံးနစ်နာခဲ့ရသည်။

**တပ်မတော်စစ်ကြောင်းများအနေဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံပြည်သူများ မောတောင်မြို့အတွင်းသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများကို ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းနေအရွယ် ကလေးသူငယ်များ စာသင်ကြားနိုင်ရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးသွားမည် . . .**

၎င်းအပြင် **KNU၊ KNLA နှင့် PDF** အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်မြို့များ၌ ယာယီစိုးမိုးထားစဉ် နယ်စပ်ဒေသမတည်ငြိမ်မှုကို အခွင့်ကောင်းယူကာ မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်း၊လူကုန်ကူးခြင်း၊ လက်နက်မှောင်ခိုလုပ်ခြင်း၊ အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခြင်းကဲ့သို့သော နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းကြောင့် နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်ရေးနှင့်ကုန်သွယ်ရေးကို များစွာထိခိုက်စေခဲ့သည်။ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့ကြသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများအနေဖြင့် လူမှုစီးပွားဘဝများ ဆုံးရှုံးနစ်နာခဲ့ရကာ စစ်ပွဲ၏အနိဋ္ဌာရုံများကို ခံစားခဲ့ကြရပြီး ၎င်းတို့၏တိုက်တာအိုးအိမ်များကို စွန့်ခွာ၍ တည်ငြိမ်အေးချမ်းသည့် ဒေသများသို့ ယာယီနေရပ်စွန့်ခွာခဲ့ကြရသည်။

ထို့ကြောင့် **တပ်မတော်စစ်ကြောင်း**များအနေဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံပြည်သူများ မောတောင်မြို့အတွင်းသို့ အန္တရာယ်ကင်းရှင်းစွာပြန်လည်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက် သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများကို ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းနေအရွယ် ကလေးသူငယ်များ စာသင်ကြားနိုင်ရန်အတွက် အကြမ်းဖက် သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ဆေးရုံ၊ ဆေးခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ရုံး၊ ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များကို ဒေသခံတိုင်းရင်းသားများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင်ပပျောက်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

နှစ်နိုင်ငံ နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသများသည် နှစ်နိုင်ငံ စီးပွားရေး၊ လူမှုရေးနှင့် သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှု၏ အသက်သွေးကြောများဖြစ်ကြသည်။ ထိုကဲ့သို့ အရေးပါသည့် နယ်စပ်ဒေသများတွင် KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များသည် နှစ်နိုင်ငံလုံး၏ ရေရှည်အကျိုးစီးပွားများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေသည့်အပြင် နှစ်ကာလကလရှည်ကြာစွာ ခိုင်မြဲခဲ့သည့် ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်း ဆက်ဆံရေးကိုပါ များစွာထိခိုက်စေသောကြောင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြသည်။

တပ်မတော်အနေဖြင့် မောတောင်မြို့ကို သိမ်းပိုက်ရရှိခဲ့ခြင်းကြောင့် ဒေသခံပြည်သူလူထုများက မိမိနေရပ်သို့ပြန်လည်အခြေချနေထိုင်နိုင်ပြီဖြစ်ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းကာ တနင်္သာရီ-မောတောင် လမ်းကြောင်းမှတစ်ဆင့် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်တော့မည် ဖြစ်သည့်အပြင် ဒေသခံပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး စသည့်လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာမည် ဖြစ်သဖြင့် ဒေသခံပြည်သူများက ဝမ်းမြောက်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများကို အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

❑ ဥပဒေဘောင်အတွင်းဝင်ရောက်မှ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၂၇၇ ဦးနှင့် အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၃၁၂ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမဥ္ဇကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာပုဒ်မများကို အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် သေနတ် ရှစ်လက်၊ M22 အမျိုးအစား သေနတ် တစ်လက်၊ KA–25 အမျိုးအစား သေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ် နှစ်လက်၊ လက်လုပ်သေနတ် နှစ်လက်၊ လက်လုပ်စိန်ပြောင်း နှစ်လက်၊ ကျည်အိမ်မျိုးစုံ ၂၃ ခု၊ ကျည်မျိုးစုံ ၇၈၁ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၀ လုံးနှင့် ဗုံးသီး နှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် ၁၂ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၆၀၀၊ လက်လုပ်သေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ လက်လုပ်စိန်ပြောင်း နှစ်လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊လက်ပစ်ဗုံး ၁၀ လုံးအတွက် ဆုကြေးငွေကျပ် သိန်း ၃၀၊ ဗုံးသီး နှစ်လုံးအတွက် ဆုကြေးငွေကျပ်ခြောက်သိန်း၊ လက်နက်မပါဘဲ ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ငွေကျပ် သိန်း ၂၉၀ စုစုပေါင်း ဆုကြေးငွေကျပ် ၉၄၆ သိန်းနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ယနေ့အခမ်းအနားများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက လက်နက် အပ်နှံစဉ်။

အမျိုးသား ၂၆ ဦး၊ အမျိုးသမီး လေးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး တစ်ဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား လေးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး တစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား ငါးဦး၊ မိတ္ထီလာမြို့နယ်မှ အမျိုးသား တစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး တစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး နှစ်ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၄၇ ဦး၊ အမျိုးသမီး နှစ်ဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား လေးဦး၊တောင်သာမြို့နယ်မှ အမျိုးသား တစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသား လေးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား ရှစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၃ ဦး၊ မြစ်သားမြို့နယ်မှ အမျိုးသား သုံးဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှအမျိုးသား တစ်ဦး၊စလင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား ငါးဦး၊ တောင်တွင်းကြီးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ နတ်မောက်မြို့နယ်မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး လေးဦး၊ ပဒါန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ငဖဲမြို့နယ်မှ အမျိုးသား နှစ်ဦး စုစုပေါင်း အမျိုးသား ၂၇၇ ဦး၊ အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၃၁၂ ဦး ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများကို ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များ အတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများ၊ ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ခဲယမ်းများအတွက်ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည် –



“ကျွန်မ ဒီအကြမ်းဖက်အဖွဲ့အစည်းကို ရောက်သွားတဲ့ အကြောင်းရင်းကတော့ ကျွန်မမိဘတွေက ဆင်းရဲတဲ့အခါကျတော့ အလုပ်ရှာရမှာမို့လို့ပါ။ အလုပ်ရှာသွားတော့ သူငယ်ချင်းတွေနဲ့တွေ့ပါတယ်။ သူငယ်ချင်းတွေက ဟိုမှာအလုပ်လုပ်ရင် အဆင်ပြေတယ်။ အလုပ်လုပ်ရင် အေးဆေးပဲ လစာကောင်းတယ်ဆိုလို့ ကျွန်မလိုက်သွားဖြစ်ပါတယ်။ အချင်းချင်း ညှဉ်းပန်းနှိပ်စက်မှုတွေကိုလဲ တွေ့ခဲ့ရပါတယ်။ ထွက်ပြေးဖို့ ကြိုးစားတဲ့သူတွေလဲ ညှဉ်းပန်းနှိပ်စက်ပါတယ်။ တချို့တွေဆို သတ်ပစ်တယ်လို့ ထင်ရပါတယ်။ ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး။ အဲ့ဒါကြောင့် ကျွန်မတို့တောင် သင်တန်းကို ပြီးဆုံးအောင်တက်ခဲ့ပါတယ်။ သင်တန်းကာလမှာလဲ အသက်မပြည့်သေးတဲ့ ကလေး၊ မောင်ငယ်၊ ညီမငယ်တွေကို အများကြီးတွေ့ခဲ့ရပါတယ်။ တချို့ မိန်းကလေးတွေဆိုရင် တခြားအဖွဲ့အစည်းမှာ ရောင်းစားခံရတာမျိုးလဲတွေ့ရပါတယ်။ ရန်ပုံငွေရှာဖွေရေးဆိုပြီး အဖွဲ့ဖွဲ့ပြီးတော့ ရန်ပုံငွေရှာခိုင်းပါတယ်။ ရန်ပုံငွေရရှိလာတဲ့ ငွေတွေ မှန်သမျှကိုလဲ သူတို့မိသားစုကောင်းစားရေးအတွက်နဲ့ အကျိုးအတွက်အသုံးပြုပါတယ်။ ကျွန်တော်တို့အတွက် ဘာမျှော်လင့်ချက်မှမရှိပါဘူး။ ဒီအတိုင်း ဆက်နေရင် ဘဝကလုံးပါးပါးပြီးတော့ သေရုံပဲရှိပါတော့တယ်။ အဲ့ဒါကြောင့်မို့လို့ သူတို့လုပ်ရပ်တွေနဲ့ စိတ်ဓာတ်တွေကို မကြိုက်လို့ တပ်မတော်မှာ အလင်းလာဝင်ခြင်းဖြစ်ပါတယ်။ တပ်မတော်မှာ အလင်းလာဝင်တဲ့အခါကျတော့ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ အဲ့ဒါကြောင့် တောထဲမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေကို ပြောချင်ပါတယ်။ တောထဲမှာ ကျန်နေခဲ့တဲ့ သူငယ်ချင်းများ အားလုံးပြောချင်တာကတော့ နိုင်ငံတော်ရဲ့ စေတနာကိုနားလည်ပြီး အမြင်မှန် အမြန်ဆုံးရပြီးတော့ တပ်မတော်မှာ အလင်းလာဝင်ဖို့ ဖိတ်ခေါ်ပါတယ်”ဟု



ပြောသည်။

“ကျွန်တော် ၂၀၂၄ ခုနှစ် ဩဂုတ်လပိုင်းမှာ ကျွန်တော်အကြမ်းဖက်အဖွဲ့ အစည်းထဲကိုရောက်ခဲ့ပါတယ်။ ကျွန်တော် သင်တန်းတက်နေတဲ့အချိန်မှာ သင်တန်းကာလအတွင်းမှာလဲ ကျွန်တော်တို့ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့ နေခဲ့ရပါတယ်။ ကြွခိုင်ဖို့ဆိုပြီး ခေါင်းစဉ်ပြပြီးမှ ကျွန်တော်တို့ကို အနိုင်ကျင့်တာမျိုးတွေလဲရှိခဲ့ပါတယ်။ ကျွန်တော်တို့ သင်တန်းဆင်းပြီးတဲ့အချိန်မှာလဲ ကျွန်တော်တို့ ဒီလမ်းတွေမှာ ဂိတ်တွေဘာတွေစောင့်ရပါတယ်။ အခွန်ဆိုပြီးမှ ဆက်ကြေးတွေလဲ ကောက်ခဲ့ရပါတယ်။ ရတဲ့အခွန်တွေကိုလဲ သူတို့ရဲ့ မိသားစုအတွက်ပဲ သူတို့ထောက်ပံ့ကြတယ်။ သူတို့ဘာသူတို့ တိုက်တွေ ဆောက်တယ်။ ကားတွေဝယ်တယ်။ ကျွန်တော်တို့ ရဲဘော်တွေမှာတော့ ချိုင်းထောက်တွေနဲ့ နောက်ပြီး ခြေပြတ်လက်ပြတ်တွေ အများကြီးရှိတယ်။ ကုသမှုစရိတ်တောင်မှ သူတို့မထုတ်ပေးပါဘူး။ ဒါကြောင့်မို့လို့ အလင်းဝင်ဖို့ဆုံးဖြတ်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်မယ်လို့ဆုံးဖြတ်တဲ့အခါမှာလဲ ကျွန်တော်တို့ကို သူတို့ဘက်က အမျိုးမျိုးပြောပါတယ်။ ဝါဒမှိုင်းတွေတိုက်ပါတယ်။ အလင်းဝင်တာတကယ်မဟုတ်ဘူး။ မင်းတို့ကို သူတို့က သတ်မှာ၊ မိတာနဲ့ဆိုပြီးမှ အမြဲတမ်းပြောပါတယ်။ မင်းတို့မိသားစုတွေနဲ့ တွေ့ရဖို့ဆိုတာလဲ မဖြစ်နိုင်ဘူးလို့ ပြောပါတယ်။ အခုလို ကျွန်တော်တို့ ရောက်လာတဲ့ အချိန်မှာကျတော့ အထင်နဲ့အမြင် သူတို့ပြောကြတာတွေနဲ့ တလွဲစီဖြစ်နေပါတယ်။ ဒီမှာကျွန်တော်တို့ကို မောင်နှမအရင်းအချာလို ကျွန်တော်တို့ကို စောင့်ရှောက်ပေးပါတယ်။ စားရေး၊ သောက်ရေး၊ နေရေးထိုင်ရေးကအစ အကုန်လုံး ကျွန်တော်တို့ကို စောင့်ရှောက်ပေးပါတယ်။ လူချည်းပဲလာခဲ့ပါ။ ဒီမှာ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးကအစ အကုန်ပေးပါတယ်။ ဒါကြောင့်မို့လို့ အခုလက်ရှိတောထဲမှာ ကျန်ခဲ့တဲ့ညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်းတွေ အပါအဝင်ပေ့ါ။ တပ်မတော်ကြီးက အလင်းဝင်ခေါ်တာလဲ တကယ်ဟုတ်ပါတယ်။ တကယ်လဲ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ဒါကြောင့်မို့ အမြန်ဆုံးလာရောက်ပါလို့ ဒီနေရာကနေ ပြောကြားချင်ပါတယ်” ဟုပြောသည်။

“ကျွန်တော် ဒီအဖွဲ့ထဲကို ဝင်ရောက်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့နယ်ကို သူတို့ရောက်လာခဲ့တယ်။ ရောက်လာပြီးတော့ မင်းတို့လူငယ်တွေ ဒီအဖွဲ့ကြီးထဲကို ဝင်ရမယ်လို့ပြောပါတယ်။ ကျွန်တော် အဲဒီလိုနဲ့ သင်တန်းကိုရောက်ခဲ့ပါတယ်။ သင်တန်းသုံးလဆင်းခဲ့ပါတယ်။ သင်တန်းသုံးလမှာလဲ ဗမာတွေဆိုပြီးတော့



နှိမ့်ချတာတွေ၊ အနိုင်ကျင့်တာတွေ၊ အချင်းချင်းနှိပ်စက်မှုတွေ အများကြီးကြုံခဲ့ရတယ်။ စစ်ကြောင်းနဲ့ချိတ်ဆက်ပြီးတော့ ကျွန်တော် အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တဲ့ အချိန်မှာလဲ တပ်မတော်ကနေပြီးတော့ ကျွန်တော်တို့ကို ညီအစ်ကိုမောင်နှမအရင်းတွေလို သဘောထားတယ်။ပြီးတော့ ကျွန်တော်တို့ အလင်းဝင်တဲ့ညီအစ်ကိုတွေအားလုံးကိုလဲ တစ်စုတစ်စည်းထဲထားတယ်။ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေ အားလုံးကို ပြောချင်တာကတော့ အမြန်ဆုံးအလင်းဝင်ရောက်ဖို့အတွက် ကျွန်တော်က ဖိတ်ခေါ်ပါတယ်လို့ ပြောချင်ပါတယ်”ဟု ပြောသည်။

(၅၀၁)

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊သင်တန်းသူများ မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်နှင့် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ



ရေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်သို့ သွားရောက်လေ့လာစဉ်။



ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာစဉ်။

**နေပြည်တော် မေ ၁၉**

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းအမှတ်စဉ်(၁/၂၀၂၆) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံ လေတပ်စခန်းဌာနချုပ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။

ဦးစွာ လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော အထွေထွေဗဟုသုတများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသော လေယာဉ်၊ ရဟတ်ယာဉ်များအကြောင်းကို တပ်မတော်(လေ)မှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများသည် မင်္ဂလာဒုံမြို့နယ် နယ်မြေခံလေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်လေယာဉ်များ၏ စွမ်းပကားနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

နေ့လယ်ပိုင်းတွင် ရေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်း စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လေ့လာရေးခရီးလာရောက်ကြသော ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများကို ပြခန်းခန်းမဆောင်၌ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု (တိုမိုဂရမ်)နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသော ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိ ဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည့်သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့် စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသထားသည့် ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများသည် ဗီဒီယိုပြခန်းမဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသထားသည့် သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (RO-SATOM) ၏ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့်ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတို့တွင် လက်တွေ့ကျကျအသုံးပြုနေခြင်းဆိုင်ရာပိုစတာများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းအလိုက်ပြိုင်ပွဲများ ဆက်လက်ပြုလုပ်



လေကြောင်းလူငယ်သင်တန်းသားများ RC ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲယှဉ်ပြိုင်နေစဉ်။



လေကြောင်းလူငယ်သင်တန်းသားများ RC လေယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲယှဉ်ပြိုင်နေစဉ်။

**နေပြည်တော် မေ ၁၉**

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းသားများသည် ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဒုတိယနေ့အဖြစ် သင်တန်းစခန်းအလိုက် ပြိုင်ပွဲများ ဆက်လက်ပြုလုပ်ခဲ့ကြသည်။

နံနက်ပိုင်းတွင် RC လေယာဉ်မောင်းပြိုင်ပွဲကို ပြုလုပ်ခဲ့ရာ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ မြစ်ကြီးနားသင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ လွိုင်ကော်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မန္တလေးသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့် သင်တန်းစခန်း ၂၀ မှ သင်တန်းသားများ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ငင်းနောက် မွန်းလွဲပိုင်းတွင် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ RC ရဟတ်ယာဉ်မောင်းပြိုင်ပွဲများကို ဆက်လက်ပြုလုပ်ကြသည်။

လေကြောင်းလူငယ်သင်တန်းသားများ အနေဖြင့် ပျံသန်းမှုဆိုင်ရာအခြေခံသဘောတရားများ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၏ တည်ဆောက်ပုံဆိုင်ရာ အခြေခံသဘောတရားများကို သိရှိစေရန် ရည်ရွယ်၍ အဆိုပါပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်ကြောင်းနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှေ့ဖုံးမှအဆက်

အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်လတ်၊ ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသ စောင့်ကြည့်လေ့လာရေးဗဟိုဌာန(ASEAN Specialized Meteorological Center-ASMS)မှ ထုတ်ပြန်ချက်များအရ-

(က) ၂၀၂၆ ခုနှစ် မေ ၇ ရက်မှစ၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့်(၂)မှ အဆင့်(၁)သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သောရာသီဥတုဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလအခြေအနေမှ အနောက်တောင်မုတ်သုံအခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် မေ ၁၄ ရက်မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့်(၁)မှ အဆင့်(၀)(ခြောက်သွေ့ရာသီကာလ ကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ မေ ၁၆ ရက်ထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် တစ်ရာခိုင်နှုန်း ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် ၁၁ ရာခိုင်နှုန်း လျော့နည်းစွာဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**မြန်မာ-ထိုင်းနယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု**
**တားဆီးကာကွယ်ရေးဆိုင်ရာပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ**

## နိုင်ငံခြားသားခရီးသွားများ မြန်မာနိုင်ငံ၏ခရီးသွားဒေသများ ပိုမိုသိရှိလည်ပတ်နိုင်စေရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်



**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ၏ လာမည့်ပွင့်လင်းရာသီခရီးသွားကာလ၌ ပြည်ပနိုင်ငံများမှ နိုင်ငံခြားသားခရီးသွားများ မြန်မာ့အလှနှင့် ယဉ်ကျေးမှုဒေသများ ပိုမိုသိရှိလည်ပတ်နိုင်စေရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကို ဇွန် ၁၃ ရက်၊ ၁၄ ရက်တို့၌ ရန်ကုန်မြို့ Sedona Hotel တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကိုဗစ်ကာလနောက်ပိုင်း ပြည်ပခရီးသွားဝင်ရောက်မှု လျော့နည်းသွားမှုကို ပြန်လည်ဖော်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့များ၊ သဘာဝအလှများ၊ အပန်းဖြေကမ်းခြေများ၊ ရိုးရာအစားအစာများနှင့် ဆင်ယင်ထုံးဖွဲ့မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရှားပါးတောရိုင်းတိရစ္ဆာန်များနှင့် ရှားပါးအပင်မျိုးစိတ်များကို လေ့လာကြည့်ရှုအပန်းဖြေနိုင်ရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲမှာ ဥရောပ၊ အာရှနဲ့ အာဆီယံနိုင်ငံတွေက ပြည်ပခရီးသွားတွေ ပိုပြီးလာရောက်လည်ပတ်နိုင်ဖို့ ခရီးသွားမြှင့်တင်ခြင်းနဲ့ မြန်မာနိုင်ငံမှာ အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်နိုင်ကြောင်း ကမ္ဘာကို သိအောင်ပြသတဲ့ပွဲပါ။ ပြီးတော့ Business to Business လုပ်ဆောင်တာလဲပါပါတယ်။ နိုင်ငံတော်ကလဲ ခရီးသွားလုပ်ငန်းမြှင့်တင်မှုကို ဖော်ဆောင်နေချိန်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းအနေနဲ့လဲ နိုင်ငံတော်နဲ့အတူ မြန်မာ့ခရီးသွားမြှင့်တင်မှုကို ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ် ဝမ်းသာဂုဏ်ယူမိပါတယ်။ အောင်မြင်စွာ ကျင်းပနိုင်အောင် ဆောင်ရွက်ပေးနေတဲ့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ဌာနဆိုင်ရာတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဒေါ်မေသက်လွင်က ပြောသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ စပိန်၊ ပြင်သစ်၊ အီဂျစ်၊ ချက်ကိုဆလိုဗက်ကီးယား၊ ရိုမေးနီးယား၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ နီပေါ၊ ဗီယက်နမ်၊ ဘူတန်၊ ဖိလစ်ပိုင်နှင့် အခြားနိုင်ငံများမှ ခရီးသွားဆိုင်ရာကုမ္ပဏီများ ပါဝင်ပြီး မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်မှုကဏ္ဍာတွင် ပုဂံ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ အင်းလေး၊ ငွေဆောင်ကမ်းခြေနှင့် အခြားခရီးသွားဒေသတို့ကို အဓိကထား၍ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားပြပွဲတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဒေသများ၊ ခရီးသွားဆိုင်ရာဆွေးနွေးပွဲများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ဘဏ်များနှင့် အာမခံများ၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းဆိုင်ရာပြခန်းများ၊ စွန့်ဦးတီထွင်ပြခန်းများကို ပြသသွားမည်ဖြစ်သည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာယဉ်ကျေးမှုနှင့် သဘာဝအလှများ ပြည့်နေပြီး ရွှေစေတီများဖြင့် ရွှေရောင်လွှမ်းသောနိုင်ငံ (Golden Land)အဖြစ် ထင်ရှားသည့် မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစားလေ့လာလည်ပတ်ရန် နေရာများစွာရှိနေပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ခရီးသွားဒေသမှ ပြည်သူများ အကျိုးကျေးဇူးရရှိစေရန်၊ နိုင်ငံတော်၏ ယဉ်ကျေးမှုဆိုင်ရာနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းကာကွယ်နိုင်ရန် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများ တိုးတက်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ယခုလာမည့်ပြပွဲသည် လာမည့်ပွင့်လင်းခရီးသွားရာသီ၌ ပြည်ပခရီးသွားများ တိုးမြှင့်ဝင်ရောက်နိုင်ရန် ခရီးသွားမြှင့်တင်မှု လင်းရောင်ခြည်သန်းနေသည့် ဖော်ဆောင်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ၂၀၂၆ ခုနှစ် မေ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


"သုတကမ္ဘာ" စစ်မှုရေးရာနှင့် သုတအဖြာဖြာ သတင်းဂျာနယ်ကို
၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)က စ၍
အပတ်စဉ် စနေနေ့တိုင်း ထုတ်ဝေလျက်ရှိပါသည်။




နယ်ကိုစားလှယ်များ ဂျာနယ်မှာယူလိုပါက
ဖုန်း - ၀၉၃၂၄၉၈၇၂၄ သို့ ဆက်သွယ်မှာယူပါနိုင်ပါသည်။

စာမူရှင်များအနေဖြင့်
Email; thutakabarjournal@gmail.com
သို့ စာမူများပေးပို့နိုင်ပါသည်။

၁၆-၅-၂၀၂၆ ရက်ထုတ်
အတွဲ (၉)၊ အမှတ် (၆)

ထွက်ပြီ

# မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ပရိယတ္တိစာမေးပွဲ အဖြေလွှာစစ်ဆေးသည့် သံဃာတော်များနှင့် စာဖြေသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကို တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၁၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေး လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန် တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေး အဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဗုဒ္ဓသာသနာ့သံဃာ့ ဆေးရုံ၌ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက် ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေး ကုသရေးအဖွဲ့များက စာစစ်သံဃာတော် များအပါအဝင် သံဃာတော် ၂၈၃ ပါး တို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိ ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၁ ဦးကို မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁၉

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံ အချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာ နိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်း များမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်း ကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ငါးဦး၊ ဘူရွန်ဒီနိုင်ငံ သား ငါးဦး၊ ကင်ညာနိုင်ငံသား ငါးဦး၊ ယူဂန်ဒါနိုင်ငံသား သုံးဦး၊ သီရိလင်္ကာ နိုင်ငံသား သုံးဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၁ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင် ရာနိုင်ငံများသို့ လူသားချင်းစာနာထောက် ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည် ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်း ပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်း ဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိ ရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာ တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော် သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံး၊ Assistance to Nationals/ Distressed Overseas Filipino Workers(OFWs) Unit မှ Case Officer and Interpreter(ENG/TH/PH) Ms. Maria Alexandra G. Contreras "Sandy" နှင့် တာဝန်ရှိသူများ၊ ဘူရွန်ဒီ နိုင်ငံ၊ ကင်ညာနိုင်ငံ၊ ယူဂန်ဒါနိုင်ငံ၊ သီရိလင်္ကာနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စား လှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိ သူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၉ ရက်ထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာ သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံ သားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့ အနက်မှ ၁၃၄၄၃ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၅ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၄၉ ဦး တို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်း ပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှကြိုးကိုင် သော နိုင်ငံခြားသားများကို ဖော်ထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်း ထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်း အမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြ သော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရ သည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင် လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## ၁၉-၅-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၇၈ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၅၂၇,၉၅၈.၈၁ | ၂၅,၈၀၅,၈၄၇.၁၂ | ၁၂၄,၇၂၃,၉၉၁.၁၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါး ကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချ ပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၁၉ - ၅ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| မကွေး | ၄၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေး | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# အဆင့်မြင့်ရုံးတော်က တည့်မတ်ပြင်ဆင်ခဲ့သော အမှုများ

စိန်လှိုင်ဖိုလ်


တရားစီရင်ရေးနယ်ပယ်တွင် ရာဇဝတ်ဖြစ်စေ၊ တရားမဖြစ်စေ အမှုကို ကနဦး စတင်စစ်ဆေးသော မူလတရားရုံးနှင့် မူလရုံး၏ စီရင်ဆုံးဖြတ်ချက်ကို မကျေနပ်သူက တက်ရောက်ခွင့်ရှိသော အယူခံရုံးနှင့် ပြင်ဆင်ရုံးဟူ၍ရှိကြောင်း၊ ပြည်သူအများ သိရှိကြမည်ဟု မှတ်ယူမိပါသည်။ ထိုသို့ တစ်ဆင့်မြင့်ရုံးတော်၏ အဆုံးအဖြတ်ကို မကျေနပ်ပါလျှင် ထပ်မံ၍ အဆင့်မြင့်ရုံးများသို့ တက်ရောက်ခွင့်ရှိကြပါသည်။ ဗဟိုတရားစီရင်ရေးအဖွဲ့ အထူးအယူခံခုံရုံးစသည်ဖြင့် အဆင့်ဆင့်တက်ရောက်၍ သက်သာခွင့်နှင့် အမှန်တရားကိုရှာဖွေခွင့် ရှိကြပေရာ ဥပဒေနှင့်အညီ တရားမျှတမှု၏ အခွင့်အရေးက ရရှိနိုင်ကြပါသည်။ အချို့အမှုမျိုးတွင် အောက်ရုံးအဆင့်ဆင့်၏ အမိန့်များကို အဆင့်မြင့်ရုံးတော်က လက်ခံအတည်ပြုခဲ့သည်များရှိသကဲ့သို့ ဥပဒေနှင့်အညီ တည့်မတ်ပြင်ဆင်ပြောင်းလဲ၍ အမိန့်ချမှတ်ခဲ့သည်များလည်းရှိသည်။ ဥပဒေဗဟုသုတအလို့ငှာ တင်ပြပါဦးမည်။

ဥပဒေအရ မူလရုံး၏အမိန့်ကို ဗဟိုတရားစီရင်ရေးအဖွဲ့က ပြင်ဆင်တည့်မတ်ခဲ့ရသော အမှုတစ်ခုကို ဦးစွာတင်ပြပါမည်။ ၁၉၇၅ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးပါ ဦးအောင်ကျော်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးဘဆိုင်) စီရင်ထုံး ၁၉၇၅ ခုနှစ် ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာ (၉၂) အမှုအကြောင်းဖြစ်သည်။ ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်သူအား ပြည့်သူ့ဝန်ထမ်းအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်စဉ် ပြုမူမှုနှင့် ပတ်သက်၍ ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ တရားရုံးက တရားခံအဖြစ် ထည့်သွင်း တရားစွဲဆိုခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိသည်၊ မရှိသည်ဟူသော ပြဿနာ၏ အဖြေကို ရှာဖွေရန်ဖြစ်သည်။

အမှုမှာ ပဲခူးတိုင်း၊ ဇီးကုန်းမြို့၊ သစ်ထုတ်လုပ်ရေးဒေသ၌ မျောတိုင်များထုတ်လုပ်ခဲ့သော ကျွဲခေါင်း ဦးအောင်မောင်းသည် ပေးသွင်းပြီးဖြစ်သည့် မျောတိုင် ၃၁၇ လုံးကို ခိုးယူ၍ တံဆိပ်များနှင့် နံပါတ်များကို ဖျက်၍လည်းကောင်း၊ မျောတိုင်များကို ဖြတ်တောက်၍ လည်းကောင်း၊ ပြုပြင်လျက် လိမ်လည်ကာ ထပ်မံပေးသွင်းပြီး ငွေထုတ်ယူသောကြောင့် ဦးအောင်မောင်းအား အရေးယူပေးပါရန် ဇီးကုန်းမြို့၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း သစ်ထုတ်ရေးဌာနခွဲ မန်နေဂျာ ဦးဘဆိုင်က ပြည်သူ့ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့သည်။ ပြည်သူ့ရဲတပ်ဖွဲ့က စုံစမ်းပြီး ကျွဲခေါင်း ဦးအောင်မောင်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ တရားစွဲဆိုခဲ့သည်။ ဇီးကုန်းမြို့နယ်တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် (၂၁၈) သတ်မှတ်၍ စစ်ဆေးကြားနာခဲ့သည်။ တရားလိုပြသက်သေအချို့ကို စစ်ဆေးပြီးနောက် တရားရုံးက ဦးစိန်သောင်း၊ ဦးကရင်၊ ဦးချစ်ဟန်နှင့် ဦးစံထွန်းတို့ လေးဦးအား တရားခံအဖြစ် ထည့်သွင်းခဲ့သည်။ ထို့နောက် အမှုကို အစမှတစ်ဖန် ပြန်လည်စစ်ဆေးသည်။ ထိုအခါ ဦးဘဆိုင်၏ ထွက်ဆိုချက်၌ လက်ထောက်မန်နေဂျာ ဦးအောင်ကျော်အပေါ် ငြိစွန်းချက်ပါရှိသည်ဟု တရားရုံးက ယူဆလျက် ဦးအောင်ကျော်အား တရားခံအဖြစ် ထည့်သွင်းစွဲဆိုနိုင်ရန် သက်ဆိုင်ရာမှ ခွင့်ပြုမိန့်ကို ဥပဒေဝန်ထမ်းအဆင့် (၄) အား တောင်းစေသည်။ ဥပဒေဝန်ထမ်းအဆင့် (၄) က ရန်ကုန်မြို့၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း အထွေထွေမန်နေဂျာ (သစ်ထုတ်ရေး) ထံသို့ စာရေး၍ ဦးအောင်ကျော်အား တရားစွဲဆိုခွင့်တောင်းသည်။ သို့ရာတွင် **ဦးအောင်ကျော်အား တရားစွဲဆိုရန် သက်ဆိုင်ရာမှ ခွင့်ပြုမိန့် မပေးသောကြောင့် တရားရုံးက မိမိသဘောအလျောက် ဦးအောင်ကျော်ကို တရားခံတစ်ဦးအဖြစ် နောက်ထပ်ထည့်သွင်းခဲ့သည်။** ဦးအောင်ကျော်က မကျေနပ်သဖြင့် မိမိအား တရားခံအဖြစ် ထည့်သွင်းစွဲဆိုခြင်းကိုပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ လျှောက်ထားခဲ့သည်။

**ဗဟိုတရားရုံး၏စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

မျောတိုင် ၃၁၇ လုံးအနက် မျောတိုင် ၁၁ လုံးကို



ဒုတိယမန်နေဂျာ ဦးမြင့်ဆွေက လက်ခံပြီးနောက် ခရီးထွက်သွားသဖြင့် ကျန် ၃၀၆ လုံးကို လက်ထောက်မန်နေဂျာ ဦးအောင်ကျော်က လက်ခံပြီး သစ်လုပ်ငန်းကော်ပိုရေးရှင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနခွဲ လက်ထောက်မန်နေဂျာ ဦးတင်စိုးသို့ ပေးအပ်လိုက်ကြောင်း တွေ့ရှိသည်ဟု ဦးဘဆိုင်က တရားရုံး၌ ထွက်ဆိုသည်။ **ဦးအောင်ကျော်သည် ဦးအောင်မောင်းနှင့် ပူးပေါင်း၍ ကျူးလွန်သည်ဟု ဦးဘဆိုင်က မထွက်ဆိုခဲ့ကြောင်း** ပြင်ဆင်မှုတွင် ရုံးတော်က စိစစ်ခဲ့သည်။

ဖြတ်တောက်၍လည်းကောင်း တံဆိပ်များ ပယ်ဖျက်၍လည်းကောင်း ဦးအောင်မောင်းက ထပ်မံအပ်သော မျောတိုင်များကို ဦးမြင့်ဆွေနှင့် ဦးအောင်ကျော်တို့သည် သေချာစွာ မစစ်ဆေးခဲ့သဖြင့် ဦးမြင့်ဆွေနှင့် ဦးအောင်ကျော်တို့အား ထုချေလွှာတောင်းသင့်ကြောင်း၊ ဦးအောင်မောင်းက ၎င်းကျူးလွန်မှုကို ဦးအောင်ကျော် လုံးဝမသိပါဟု ထွက်ဆိုခဲ့သဖြင့် ဦးအောင်ကျော်အပေါ် ဌာနဆိုင်ရာ အရေးယူမှုသာပြုသင့်ကြောင်း ဦးဘဆိုင်က မိမိ၏ အထက်အရာရှိထံ တင်ပြသည်။ ထိုတင်ပြချက်အရ ပြည်မြို့သစ်လုပ်ငန်းကော်ပိုရေးရှင်း သစ်ထုတ်ရေး စီမံကိန်းဒါရိုက်တာ ဦးကျော်ခင်က ဦးအောင်ကျော်အပေါ်တွင် ဌာနဆိုင်ရာ အရေးယူမှုပြုလုပ်မည်ဖြစ်ပါကြောင်း ဥပဒေဝန်ထမ်းထံ ပြန်ကြားလျက် ဦးအောင်ကျော်အား တရားစွဲဆိုခွင့်ကို မပေးခဲ့ခြင်းဖြစ်ကြောင်း ပြင်ဆင်မှုရုံးတော်က စိစစ်ဖော်ထုတ်ခဲ့သည်။ ဦးကျော်ခင်၏ ပြန်ကြားချက်အရ ဦးအောင်ကျော်သည် သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုချက်မရဘဲ ရာထူးမှ နုတ်ပယ်ခြင်းမပြုနိုင်သည့် ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် **"ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၇(၁) အရ တရားစွဲဆိုရန် ခွင့်ပြုမိန့်လိုအပ်သည့် ပြည်သူ့ဝန်ထမ်းအမျိုးအစားတွင် ဦးအောင်ကျော်ပါဝင်သည်ဟု ဆိုရပေမည်။"** ဦးအောင်မောင်းက မျောတိုင်များ လိမ်လည်ပေးသွင်းပြီး ငွေထုတ်ယူမှုနှင့် ပတ်သက်၍ ဦးအောင်ကျော်သည် တာဝန်ဝတ္တရားအရဆောင်ရွက်ရာ၌ ပေါ့လျော့ခဲ့ကြောင်း ဦးဘဆိုင်၏ ထွက်ဆိုချက်နှင့် ပေါင်းစပ်စဉ်းစားပါလျှင် ဦးအောင်ကျော်သည် ပြည်သူ့ဝန်ထမ်းတစ်ဦး အနေဖြင့် **"တာဝန်ဝတ္တရားဆောင်ရွက်ခိုက် ပြုမူခဲ့ကြောင်း ပေါ်လွင်သည်။"** ထိုပြုမူချက်အတွက် ဦးအောင်ကျော်ကို တရားစွဲဆိုနိုင်ရန် ကြိုတင်ခွင့်ပြုမိန့်လိုသည်။ **ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ တရားရုံးက ဦးအောင်ကျော်ကို တရားခံအဖြစ် ထည့်သွင်းစွဲဆိုခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၇(၁)၏ ပြဋ္ဌာန်းချက်နှင့် မညီညွတ်သဖြင့် ဥပဒေအရမှားယွင်းနေကြောင်း** ဗဟိုတရားစီရင်ရေးအဖွဲ့က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ထို့ကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁(က) အရ ဗဟိုတရားရုံးကရရှိသော ကိုယ်ပိုင်စီရင်ခွင့်ကို ကျင့်သုံးလျက် လျှောက်ထားသူ ဦးအောင်ကျော်အား မူလရုံး၌ တရားခံ တစ်ဦးအဖြစ် ထည့်သွင်းစွဲဆိုထားခြင်းကို ပယ်ဖျက်စေရန် အမိန့်ချမှတ်ခဲ့ပါသည်။ အထက်အဆင့်မြင့်ရုံးတော်က အောက်ရုံး၏အမိန့်အပေါ် တည့်မတ်ပေးလိုက်ခြင်းဖြစ်သည်။

စာမျက်နှာ အခြေအနေပေးသဖြင့် နောက်ထပ် တစ်ဖန် အမှုတစ်ခုအကြောင်းကို ဥပဒေဗဟုသုတ အလို့ငှာ ရေးသားတင်ပြပါဦးမည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ ပြစ်မှုမြောက်ရန် လိုအပ်ချက်နှင့် တရားမကြောင်းအရ စွဲဆိုသင့်သောအမှုကို ပြစ်မှုဆိုင်ရာ အမှုအနေဖြင့် စွဲဆိုခဲ့ခြင်းနှင့် ပတ်သက်သော အကြောင်းဖြစ်သည်။

ဦးသန်းဆိုသူ ကွယ်လွန်သောအခါတွင် ၎င်း၏ ကျန်ရစ်သောပစ္စည်းများကို အလွဲသုံးစားပြုလုပ်သည်ဟူ၍ မသန်းသန်းဝင်းက ဦးသန်း၏တူနှင့် တူမများဖြစ်ကြသော ဦးသွင်နှင့် ဒေါ်တင်နုတို့အပေါ် တရားစွဲဆိုသည်။ (မသန်းသန်းဝင်းမှာ ဦးသန်း၏ ဒုတိယဇနီး ဒေါ်စောကြည်၏ သမီးဖြစ်သည်။) ၎င်းအမှုကို ဗဟိုတရားရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် (၄၀၈(ခ)/၇၃) တွင် ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ (က) အရ ပယ်ဖျက်လိုက်သည်။

ထိုအခါ ဦးသွင်နှင့် ဒေါ်တင်နုတို့က မိမိတို့အပေါ် စွဲဆိုထားသောအမှုကို ဗဟိုတရားရုံးက ပယ်ဖျက်လိုက်ပြီးသည့်နောက်တွင် တစ်ဖန် မသန်းသန်းဝင်း အပေါ်၌ မိမိတို့အား နစ်နာစေရန်အကြံဖြင့် ပြစ်မှုကျူးလွန်ကြောင်း မဟုတ်မမှန် စွဲဆိုသည်ဟူ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ အလုံမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားခဲ့သည်။ တရားရုံးက ၎င်းလျှောက်လွှာကို ပလပ်လိုက်သောကြောင့် ဦးသွင် ဒေါ်တင်နုတို့က ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှုတက်သောအခါတွင်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ ထို့ကြောင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းလာသောအမှုဖြစ်ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ ပြစ်မှုမြောက်စေရန်အတွက် နစ်နာစေလိုသော အကြံဖြင့် တစ်ဦးတစ်ယောက်အပေါ် ပြစ်မှုကျူးလွန်သည်ဟု မမှန်မကန် စွပ်စွဲရမည်ဖြစ်ပေသည်။ ၎င်းပုဒ်မအရ တရားစွဲဆိုရာတွင်လည်း **သက်ဆိုင်ရာတရားရုံးက စာဖြင့် ရေးသားတိုင်တန်းရန် လိုအပ်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)တွင်** ဖော်ပြထားပေသည်။ **မသန်းသန်းဝင်းက ဦးသွင်နှင့် ဒေါ်တင်နု တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ စွဲဆိုသောအမှုတွင် မသန်းသန်းဝင်းသည် ဦးသွင်နှင့် ဒေါ်တင်နုတို့အပေါ် မမှန်မကန်စွဲဆိုကြောင်း မပေါ်ပေါက်ချေ။ အမှုကို ပယ်ဖျက်လိုက်သော ဗဟိုတရားရုံး၏ စီရင်ချက်တွင်လည်း တရားမကြောင်းအရ အရေးယူရမည့်ကိစ္စကို ပြစ်မှုဆိုင်ရာသဘောနှင့် အရေးယူရန်မသင့်ကြောင်းသာဖော်ပြ၍ မမှန်မကန် လီဆယ်စွဲဆိုကြောင်း ဖော်ပြခြင်းမရှိသည်ကို** ပြင်ဆင်မှုရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၄ မှာ သေဆုံးသူ၏ ကျန်ရစ်ခဲ့သော ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုလုပ်ခြင်းဖြစ်သည်။ သေဆုံးသူ၏ သမီးဖြစ်ကြောင်း အဆိုပြုသူက သေဆုံးသူ၏ တူနှင့်တူမများဖြစ်သည်ဟု အဆိုရှိသူများအပေါ် သေဆုံးသူ၏ပစ္စည်းများကို အလွဲသုံးစားပြုလုပ်သည်ဟု စွဲဆိုခြင်းမှာ တစ်ဖက်သားနစ်နာစေလိုသောအကြံဖြင့် စွဲဆိုခြင်းဖြစ်သည်ဟု မယူဆနိုင်ကြောင်း ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

တရားမကြောင်းအရစွဲဆိုသင့်သောအမှုမျိုးကို ပြစ်မှုဆိုင်ရာအနေဖြင့် စွဲဆိုခြင်းသာ ဖြစ်ပေသည်။ တရားမကြောင်းအရ အချက်များကိုဖော်ပြ၍ တရားရုံး၌ ပြစ်မှုဆိုင်ရာအဖြစ် မှားယွင်းစွာ တိုင်တန်းခြင်းအားဖြင့် ပုဒ်မ ၂၁၁ အရ အရေးယူနိုင်မည်မဟုတ်ကြောင်း ထို့ကြောင့် မူလတရားရုံးနှင့် တိုင်းတရားရုံးတို့၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် မရှိသည့်အတွက် ပြင်ဆင်မှုရုံးတော်က ဦးသွင်နှင့် ဒေါ်တင်နုတို့၏ လျှောက်ထားစွဲဆိုမှုကို ပယ်လိုက်ပါသည်။ အဆင့်မြင့်ရုံးတော်က မူလရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်အပေါ် လက်ခံသဘောတူလိုက်သော **ဦးသွင်၊ ဒေါ်တင်နုနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်(မသန်းသန်းဝင်း) (ဒေါ်ကျင်ရွှေ) ၁၉၇၄ ခုနှစ်ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် (၄၅၂(ခ) ၄၅၃(ခ))** ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၄၂၂၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငှက်ပျောစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၄၂၂၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောစိုက်ပျိုးရန်အတွက်မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၃၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၂၆၉၆ ဧက၊ အရာတော်မြို့နယ်တွင် ၁၃၃၂ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၆၅ ဧက စုစုပေါင်း ၄၂၂၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ငှက်ပျော ၄၂၂၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးရေးအတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဒီလနောက်ဆုံးပတ်မှာ စတင်စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပိုးမွှားရောဂါကျရောက်မှုလဲ အများအားဖြင့် သက်သာပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

မုံရွာခရိုင်တွင် ငှက်ပျောစိုက်တောင်သူများအနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးကြပြီး တစ်ဧကလျှင် စိုက်ပျိုးစရိတ်ငွေကျပ် သိန်း ၂၀ ထိ ကုန်ကျမှုရှိရာ ငှက်ပျောခုတ်ချိန်တွင် တစ်ဧကလျှင် ငွေကျပ် သိန်း ၅၀ ခန့်ထိ ပြန်လည်ရရှိကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# တိုက်ကြီးမြို့နယ် သက်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တိုက်ကြီး မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုက်ကြီးမြို့နယ် သက်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုက်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရန်စည်းကမ်းများ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၅၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သက်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၅၀ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း တိုက်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**

# မကွေးမြို့နယ် လယ်ယား(တောင်) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

မကွေး မေ ၁၉

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကွေးမြို့နယ် လယ်ယား(တောင်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာကော်မတီဝင်များ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာတွင်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၇၀၊ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၄၂၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာအကူအညီရယူကာ ကျေးရွာပြည်သူများကိုယ်တိုင် ယခုလ ဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မကွေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

ငြိမ်းသူ(စလင်း)



# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရိတ်သိမ်းပြီးစီး

မြောင်းမြ မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၄၁၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် မတ်လပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၂၀၄၁၇ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ပဲတီစိမ်းဧကတွေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းတွေ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တာတွေကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ပါတယ်။ ပဲတီစိမ်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားကင်းစင်ဖို့၊ သဘာဝဓာတ်မြေဩဇာသုံးစွဲစေဖို့ အထွက်နှုန်းကောင်းလာဖို့ကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# စလင်းမြို့နယ် ရှမ်းရွာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

စလင်း မေ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ကျုံးကျေးရွာအုပ်စု ရှမ်းရွာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှမ်းရွာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု၊ စာရင်းဇယားပုံစံများ စနစ်တကျပြည့်စုံသွင်းထားမှု ရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ရှမ်းရွာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ငွေကျပ် သိန်း ၂၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခု အခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ၁၃၈ ဦးကို ရန်ပုံငွေကျပ် ၃၇ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**

# ရာသီတုပ်ကွေးနှင့်ချောင်းဆိုးခြင်း

ဒေါက်တာလွင်သန့်

ရာသီတုပ်ကွေးဖြစ်ပြီးတဲ့အခါ ချောင်းဆိုးတာ ကျန်တတ်ပါတယ်။ ဒါကလဲ အချိန်အတိုင်းတာ တစ်ခုထိဖြစ်တယ်။ နှစ်ပတ်လောက်နေရင် ကောင်းသွားပါတယ်။ တုပ်ကွေးဖြစ်ပြီး ချောင်းဆိုးကျန်ခဲ့တဲ့သူတွေက နဂိုကတည်းက ကိုယ်ခံအားနည်းတဲ့သူတွေဖြစ်နေတတ်ပါတယ်။ ဆီးချို၊ သွေးချိုရောဂါခံစားနေသူတွေ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါခံစားနေသူတွေဖြစ်နေတတ်ပါတယ်။ ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်လေပြွန်ရောင်ရမ်းတဲ့ရောဂါအခံရှိသူတွေလဲ ဖြစ်တတ်ပါတယ်။ အာဟာရရှိအောင်စားပြီး ဆေးဝါးတွေနဲ့ စနစ်တကျ ကုသမှုခံယူရင်ကောင်းသွားပါတယ်။ ကိုယ်ခံအားကောင်းတဲ့သူတွေကတော့ တုပ်ကွေးဖြစ်ပြီး ရောဂါပျောက်ကင်းသွားတာနဲ့ အားလုံးကောင်းသွားတတ်ပေမယ့် ကိုယ်ခံအားမကောင်းတဲ့သူတွေမှာတော့ ချောင်းဆိုးကျန်တာတွေဖြစ်တတ်ပါတယ်။

တုပ်ကွေးရောဂါမဖြစ်အောင်နှစ်စဉ် မေလမှာ တုပ်ကွေးကာကွယ်ဆေး လူတိုင်းထိုးနှံထားသင့်ပါတယ်။ မြန်မာနိုင်ငံအနေအထားမှာ တုပ်ကွေးက မိုးတွင်းရောက်မှဖြစ်တတ်ပါတယ်။ တုပ်ကွေးရောဂါကာကွယ်ဖို့အတွက်ဆိုရင် တုပ်ကွေးကာကွယ်ဆေး ထိုးထားရင် ၈၀ ရာခိုင်နှုန်း ကာကွယ်ပြီးသားဖြစ်တယ်။ ဘာကြောင့်၈၀ ရာခိုင်နှုန်းလို့ပြောရသလဲဆိုရင် နှစ်တိုင်းမှာ ရာသီတုပ်ကွေးပိုးရပ်ပိုးတွေက မျိုးဗီဇအသစ်အသစ်တွေဖြစ်တတ်နေတာကြောင့် နှစ်တိုင်းအသစ်ထုတ်နေတဲ့ တုပ်ကွေးကာကွယ်ဆေးက ရာခိုင်နှုန်းပြည့်ကာကွယ်ပေးနိုင်တယ်လို့တော့ ပြောလို့မရတာဘဲဖြစ်တယ်။ ဒါပေမယ့် တုပ်ကွေးကာကွယ်ဆေးထိုးထားရင် နှစ်တိုင်းရာသီတုပ်ကွေးဖြစ်တဲ့သူ နည်းသွားတတ်ပါတယ်။ လုံးဝမဖြစ်တော့တဲ့လူတွေလဲရှိတယ်။ တုပ်ကွေးကာကွယ်ဆေးထိုးပြီးသူ ၉၆ ရာခိုင်နှုန်းက ရာသီတုပ်ကွေးမဖြစ်ဘူး။ တုပ်ကွေးကာကွယ်ဆေးထိုးတာက ရာသီတုပ်ကွေး ရောဂါမဖြစ်အောင် ကာကွယ်နိုင်တဲ့ ထိရောက်တဲ့နည်းပဲဖြစ်တယ်။

တုပ်ကွေးဆိုတာ တစ်ဦးကနေတစ်ဦး၊ တစ်ယောက်ကနေတစ်ယောက် ကူးစက်တတ်တဲ့ရောဂါဖြစ်တာကြောင့် တုပ်ကွေးဖြစ်တဲ့သူနဲ့ဝေးဝေးနေသင့်တယ်။ လူအုပ်ထဲကို မက်စ်မပါဘဲသွားလာတာကို တတ်နိုင်သမျှရှောင်ရှားသင့်ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးကို အကောင်းဆုံးဖြစ်အောင် အစားအသောက်၊ အနေအထိုင် ဂရုစိုက်သင့်ပါတယ်။

တုပ်ကွေးဖြစ်တဲ့အခါ ဆေးဝါးတွေကိုရောဂါလက္ခဏာလိုက်ပြီး ပေးရတဲ့ဆေးတွေရှိပါတယ်။ ကိုယ်လက်မအီမသာဖြစ်တယ်ဆိုရင် ပါရာစီတမော (NSAID)စတီးရွိုက်မဟုတ်တဲ့ အကိုက်အခဲပျောက်ဆေးတွေပေးလို့ရပါတယ်။ နှာစေး၊ ချောင်းဆိုးရင် (Cetrine)၊ (Salbutamol)စတဲ့ စားဆေးတွေပေးနိုင်တယ်။ ချောင်းဆိုးပျောက်ဆေးပေးနိုင်တယ်။ တုပ်ကွေးဖြစ်ပြီဆိုရင် လူအများနဲ့ ရောမနေဘဲ အနားယူသင့်ပါတယ်။ တစ်ကိုယ်ရေကျန်းမာရေး၊ အစားအသောက်၊ အနေအထိုင်တွေကို ဂရုစိုက်သင့်တယ်။ တခြားသူတွေမကူးစက်အောင် လူအုပ်စုထဲမသွားတာ၊ နှာချေ ချောင်းဆိုးပြီးတိုင်း သုတ်ထားတဲ့ လက်ကိုင်ပုဝါတွေကို သေသေချာချာဆေးကြောလျှော်ဖွတ်တာတွေလုပ်သင့်ပါတယ်။ နှာချေ ချောင်းဆိုးပြီးတိုင်း လက်ကိုသေချာစွာသန့်စင်ပေးတာတွေ ပြုလုပ်သင့်တယ်။ တုပ်ကွေးဆိုတာက တစ်ဦးကနေတစ်ဦးကို လေကတစ်ဆင့်သော်လည်းကောင်း၊ နှာစေး၊ ချောင်းဆိုး၊ စကားပြောရတာကတစ်ဆင့်သော်လည်းကောင်း ကူးစက်တတ်တဲ့ရောဂါဖြစ်တယ်။



တုပ်ကွေးရောဂါအဖြစ်များသူတွေက ကိုယ်ခံအားနည်းသူတွေ၊ ရောဂါအခံရှိသူတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ ကလေးသူငယ်တွေဟာ ပုံမှန်ကျန်းမာသူတွေထက် တုပ်ကွေးရောဂါအဖြစ်များပါတယ်။ ကိုယ်ခံအားနည်းသူတွေဆိုတဲ့အထဲမှာ နာတာရှည်အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းရောဂါရှိတဲ့သူတွေ၊ ဆီးချိုရောဂါသည်တွေ၊ ကင်ဆာရောဂါသည်တွေ၊ HIVပိုးရှိသူတွေ၊ နာတာရှည် ကျောက်ကပ်ရောဂါသည်တွေ၊ နာတာရှည်အသည်းရောဂါဖြစ်တဲ့သူတွေမှာ ပိုပြီးဖြစ်တာများပါတယ်။

လူထူထပ်တဲ့နေရာမှာ နေတဲ့သူတွေဟာလဲ တုပ်ကွေးရောဂါကူးစက်မှုများပါတယ်။ ဥပမာ ကျောင်းတွေ၊ လူတွေပြည့်ကျပ်နေတဲ့အလုပ်ရုံတွေ၊ ဘတ်စကားစီးတဲ့အခါ တုပ်ကွေးရောဂါဖြစ်နေသူတစ်ယောက်က နှာချေ၊ ချောင်းဆိုးတာကြောင့် သူ့ဆီကနေကူးစက်ပြီး တုပ်ကွေးကူးစက်ရလာတာမျိုးတွေများပါတယ်။ အထူးသဖြင့် လူနေထူထပ်တဲ့နေရာမှာရှိတဲ့သူတွေက လူနေကျဲတဲ့နေရာမှာရှိတဲ့သူတွေထက်ပိုပြီး တုပ်ကွေးအဖြစ်များပါတယ်။

ရာသီတုပ်ကွေး နောက်ဆက်တွဲအနေနဲ့ ရာသီတုပ်ကွေးဖြစ်တဲ့အခါမှာ အလုပ်ခွင်မသွားနိုင်ဘဲ အနည်းဆုံး သုံးလေးရက်လောက်အလုပ်ပျက်တတ်ပါတယ်။ ရုံးမသွားနိုင်ဘူး။ စာမကျက်နိုင်ဘူး။ အလုပ်ပျက်၊ ကျောင်းပျက်တွေဖြစ်တတ်ပါတယ်။ ဒါကြောင့် လုပ်အားဆုံးရှုံးမှုအများဆုံးရောဂါတစ်ခုအနေနဲ့သတ်မှတ်ထားပါတယ်။ စင်ကာပူ၊ ဩစတြေးလျတို့မှာတော့ လုပ်အားဆုံးရှုံးမှုမရှိအောင် ရာသီတုပ်ကွေးကာကွယ်ဆေးကုမ္ပဏီက ထိုးပေးတာမျိုးရှိပါတယ်။ ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်မှာလဲ ရှိကြပါတယ်။

ရာသီတုပ်ကွေးကြောင့် သေဆုံးတဲ့ထိဖြစ်တတ်ပါတယ်။ ရာသီတုပ်ကွေးဖြစ်ပြီးရင် နောက်ဆက်တွဲ ရောဂါတွေဝင်ပြီးတော့ အသက်သေသူတွေလဲရှိပါတယ်။ တချို့ကလဲ နာတာရှည်အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းရောဂါရှိတဲ့ သက်ကြီးရွယ်အိုတွေဆိုရင် နာလန်မထူတော့ဘဲနဲ့ တစ်ခါတည်း သေဆုံးတာမျိုးလဲဖြစ်တတ်ပါတယ်။ တုပ်ကွေးရောဂါဆိုတာက ကိုယ်ခံအားကောင်းသူတွေမှာပျောက်သွားတတ်ပေမယ့်လဲ ရောဂါအခံရှိတဲ့သူတွေမှာ အခန့်မသင့်ရင် အသက်အန္တရာယ်ဖြစ်သွားကြတာတွေ အများကြီးရှိပါတယ်။

တုပ်ကွေးရောဂါဖြစ်ပြီဆိုတာနဲ့အိမ်မှာသုံးလေးရက်လောက် နားနေလိုက်ရင်တခြားသူကို ကူးစက်တာနည်းသွားမယ်။ တစ်ချိန်တည်းမှာပဲ ကိုယ့်ကိုယ်ကိုယ်ကျန်းမာရေးနဲ့ ညီညွတ်အောင်နေမယ်၊ စားမယ်။ အနားယူရပါမယ်။ တစ်ကိုယ်ရေသန့်ရှင်းရေးလဲအရေးကြီးပါတယ်။ ဥပမာ နှာခေါင်းစည်း မက်စ်တပ်တာ၊ လက်ကိုဆပ်ပြာနဲ့စက္ကန့် (၂၀) ကျော်ကြာ ပွတ်တိုက်ဆေးကြောတာ၊ နှာချေ၊ ချောင်းဆိုးပြီးတိုင်း လက်ကိုပြောင်စင်အောင်ဆေးကြောတာမျိုးတွေလဲလုပ်အပ်ပါတယ်။ မက်စ်ဆိုရင် လူနာလဲတပ်သင့်သလို လူနာကိုပြုစုတဲ့သူတွေလဲ တပ်သင့်ပါတယ်။ မက်စ်တပ်ထားခြင်းက အကာကွယ်မဲ့ နှာချေလိုက်တာ၊ ချောင်းဆိုးလိုက်တာထက်စာရင် ပိုင်းရပ်က တခြားသူတွေကို ကူးစက်သွားတဲ့နှုန်း နည်းသွားမှာပဲဖြစ်ပါတယ်။

ရာသီတုပ်ကွေးလက္ခဏာတွေက ရုတ်တရက်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနဲ့ အရိုးအဆစ်များနာကျင်ခြင်း၊ မောပန်းလွယ်ခြင်း၊ လည်ချောင်းနာခြင်း၊ နှာရည်ယိုခြင်း စတာတွေဟာ ရာသီတုပ်ကွေးရဲ့ လက္ခဏာတွေပဲဖြစ်ပါတယ်။

တစ်နှစ်မှာ တုပ်ကွေးကာကွယ်ဆေးတစ်ကြိမ်ထိုးခြင်းဟာ တုပ်ကွေးမိခြင်းကို ၉၅ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန်ကလေးဆေးပညာ အချက်အလက်များအရ သိရပါတယ်။

တုပ်ကွေးဟာတုပ်ကွေးပိုးရပ် (Influenzae) ကြောင့်ဖြစ်ပြီး တစ်ဦးကနေတစ်ဦး အလွယ်တကူ ကူးစက်တတ်တဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဖျားနာမှုတစ်ခုဖြစ်ပါတယ်။ တုပ်ကွေးပိုးရပ်ပိုးဟာ နှာခေါင်း၊ လည်ချောင်းမှတစ်ဆင့် ကူးစက်တတ်ပြီး သာမန်ဖျားနာမှုကနေပြင်းထန်တဲ့ ဖျားနာမှုထိ ဖြစ်နိုင်တယ်။ တုပ်ကွေးရောဂါကူးစက်မှုဟာ တစ်ပတ်ကြာမြင့်တတ်တယ်။ လက္ခဏာများအနေနဲ့ ရုတ်တရက်အဖျားကြီးခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မောပန်းလွယ်ခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ နှာမွန်းခြင်းစတာတွေခံစားရလေ့ရှိပါတယ်။ တုပ်ကွေးရောဂါဖြစ်သူအများစုဟာ ဆေးကုသဖို့မလိုဘဲ တစ်ပတ်၊ နှစ်ပတ်အတွင်း ပျောက်ကင်းနိုင်သော်လဲ အသက်ငယ်ရွယ်သူများ၊ အသက်ကြီးသူများ၊ ဆီးချို၊ အဆုတ်၊ ကင်ဆာ၊ နှလုံးရောဂါအခံရှိသူတွေမှာ တုပ်ကွေးဖြစ်ပြီဆိုရင် ပိုပြီးအန္တရာယ်များပါတယ်။ ဒီလိုလူနာမျိုးမှာ ပြင်းထန်တဲ့နမိုနီးယားရောဂါနဲ့ သေဆုံးတတ်ပါတယ်။ ဒါကြောင့် တုပ်ကွေးကိုနှစ်စဉ် တုပ်ကွေးကာကွယ်ဆေးထိုးခြင်းနဲ့ အနိုင်ယူသင့်ပါတယ်လို့ အကြံပြုရေးသားလိုက်ပါတယ်။


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်အပေါ်အဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

ဝတ္ထုတိုကလျာ

# နေရောင်အောက်က သစ္စာများ

## နွေကုံကော်(မြို့လှ)



**ယမန်နေ့မှအဆက်**

"သူတို့နှစ်ယောက်က ပြုတ်မနူးတွေလုပ်နေကြပေမဲ့ ဦးကျော်လွင်က အနီးကပ်တာဝန်ရှိသူဆိုတော့ ပြောသင့်တာတော့ပြောပါအုံး။ သူတို့က လုပ်သက်ရင့်တွေပါ။ အကြောင်းကြောင်းကြောင့် ရာထူးထပ်မရတော့ပေမဲ့ အလုပ်ပေါ်တော့ သစ္စာမမဲ့စေချင်ဘူးဗျာ၊ အပျိုကြီးကတော့ အလှပြင်မယ်၊ ဖေ့ဘွတ်သုံးမယ်၊ Like ဘယ်လောက်ရလဲ ကြည့်မယ်၊ အွန်လိုင်းဈေးဝယ်မယ်၊ ဦးခင်မောင်ကလဲ ဘောလုံးပွဲကြည့်မယ်၊ သောက်စားမယ်၊ ပြီးရင် ဘုရားတရားလုပ်ပြမယ် ဒါပဲတွေးနေတော့ မူလတာဝန်အလုပ်ကို ခေါင်းထဲမထည့်ကြတော့ဘူး။ ကိုယ်ရေးကိုယ်တာနဲ့အလုပ်ကို မခွဲကြတော့ခက်တယ်"

ကိုယ်တိုင်ကျူးလွန်သောအမှုကြောင့် တစ်ခါမျှ သတိပေးစကားအဆိုမခံခဲ့ရသော်လည်း ကိုယ်မပါဌာနတွင်း လူလေးယောက်နှင့်ပတ်သက်ပြီး သုံးကြိမ်မြောက် သတိပေးခြင်းကိုခံရသည်မှာ ကိုယ်ကောင်းလျှင် ခေါင်းမရွေ့နှင့် ဆန့်ကျင်ဘက်ဖြစ်နေခဲ့၏။ ခေါင်းငိုက်စိုက်နှင့်ပင် စီမံဌာနမှူးအခန်းထဲမှ ပြန်ထွက်ခဲ့ရသည်။

(၄)

ဦးခင်မောင်။

အသက်က ကိုယ့်ထက်တစ်နှစ်ကြီးသည်။ သို့သော် ဌာနမှာ ကိုယ်ကဌာနမှူး၊ သူက ဌာနစိတ်မှူး၊ အပျိုကြီး မအေးအေးဝင်းကလည်း ကိုယ့်အောက် နှစ်နှစ်သာငယ်သည်။ သူလည်း ဌာနစိတ်မှူး၊ ဦးခင်မောင်ရော မအေးအေးဝင်းပါ ဘီအေဘွဲ့ရများဖြစ်ကြ၏။

"ဆရာရယ် ကျွန်မတို့က တာဝန်ကျေအောင်လုပ်လဲ ဘာမှအသိအမှတ်ပြုမခံရတော့ လုပ်ချင်စိတ်မရှိတော့ပါဘူး။ ပေးတာနဲ့ တန်အောင်ပဲ လုပ်တော့မယ်"

"အေးဗျာ၊ ကျုပ်ဆိုလဲ အကောင်းဆုံးလုပ်ပေးခဲ့တာပဲ။ ဒါပေမဲ့ ရာထူးကျတော့မပေးချင်ဘူးလေ"

ရောက်ခါစက သူတို့နှစ်ဦး၏ ရင်ဖွင့်ချက်များအပေါ် ဦးကျော်လွင် ကိုယ်ချင်းစာပေးခဲ့ဖူးသည်။ သို့သော် ကိုယ်ချင်းစာပြီး စာနာဖေးမမှုလေးများက ရောက်ပြီးလို့မှသိပ်မကြာ အငွေ့ပြန်ချင်ချင်ဖြစ်ခဲ့ရသည်။

"နောက်ဆုံးလူက ပန်ကာလေးပိတ်သွားကြဗျာ။ မေ့ပြီးမပိတ်ခဲ့ရင် တစ်ညလုံးလည်ပြီး မီတာတွေလဲ တက်မယ်။ မီတာခ ကိုယ်မဆောင်ရပေမဲ့လဲ အလဟဿ စွမ်းအားတွေလျော့တယ်။ နောက်ပြီး သက်တမ်းပြည့်လဲ ပန်ကာကိုသုံးလို့ရတာပေါ့ဗျာ"

"ရုံးချိန်ကို စောမလာနိုင်ရင်တောင် နောက်တော့ မကျစေနဲ့ပေါ့ကွာ။ အခုဟာက မင်းတို့က ညကျတော့ အချိန်မတော် ဂိမ်းဆော့၊ ဘောလုံးပွဲတွေကြည့်၊ မနက်ကျတော့ ရုံးနောက်ကျ၊ ကောင်း၊ မကောင်း၊ သင့်၊ မသင့် မင်းတို့ပဲ စဉ်းစား"

စာရေးလေး သက်ဝေနှင့် အောင်မျိုးဦးကို ဦးတည်သလိုလိုနှင့် ဦးခင်မောင်ကို သွယ်ဝိုက်ပစ်သောမြားတွေက ထိချက်ကောင်းမကောင်းတော့ မသိ။ နှစ်ပတ်ကြာလျှင် တစ်ကပြန်စခဲ့ရပြန်သည်။

"စာတွေပရင့်ထုတ်ခါနီးမှာ သေသေချာချာ စာလုံးပေါင်းတွေ၊ ဂဏန်းအတွက်အချက်တွေ ပြန်စစ်ပါ။ စိတ်မချဘူးဆိုရင် စာရွက်တစ်ဖက်အလွတ်နဲ့ အရင်ထုတ်ပါ။ ကျွန်တော့်ဆီကို စာအကြမ်းအတွက် တစ်ဖက်လွတ်နဲ့တင်ပြလဲ စိတ်မဆိုးပါဘူး။ မလိုအပ်ဘဲ အမှားတွေများတော့ စာရွက်ကုန်တယ်၊ ပရင်တာဆေးလဲကုန်တယ်ဗျာ"

မည်သို့ပင် လမ်းညွှန်မှုများပေးပေး နောက်ဆုံးသက်ပြင်းချရသည်က ဦးကျော်လွင်သာပင်။ အငယ်ဆုံးစာရေးလေးနှစ်ယောက်က နာခံမှုရှိကြသော်လည်း အကြီးနှစ်ယောက်ကြောင့် သူတို့ပါ လမ်းမှားချင်စိတ်ပေါ်နေကြသည်။

"ဒီလူကြီးတွေနဲ့လုပ်ရတာ အဆင်မပြေပါဘူးဗျာ"

တာဝန်ထမ်းဆောင်မှု လေးလပြည့်ချိန်မှာ လူကြီးများနှင့်ပတ်သက်ပြီး ဦးခင်မောင်ထံမှ ဒုတိယအကြိမ်မြောက် အဆင်မပြေမှုညည်းချင်းကို ကြားခဲ့ရပြန်သည်။ ဦးကျော်လွင် သတိပြုလိုက်မိပါပြီ။ သူတို့ကွယ်ရာမှာ ကိုယ်လည်းအဆင်ပြေနိုင်မည့်ပုံမပေါ်။

ညနေရုံးဆင်းချိန်မှာတော့ အစီရင်ခံစာအချောသတ်ကို ထွေဂျာကြီးက အတည်ပြုလက်မှတ်ထိုးသည်။ တကယ်တော့ အစီရင်ခံစာအမှားကို အမှားအတိုင်း ထွေဂျာကြီးထံ ထပ်မံပရင့်ထုတ်ပေးခဲ့သည့် ဦးကျော်လွင် ရင်းရကျိုးနပ်သည်။ ရုံးရောက်ရောက်ချင်း ပြင်ဆင်ပြီးသားအစီရင်ခံစာအချောကို ထွေဂျာကြီးထံ တင်ဖို့စိတ်ကူးပြီးခါမှ ဦးတည်ချက်လမ်းကြောင်း ပြောင်းသွားမိသည်။

ဘာပဲဖြစ်ဖြစ် နောက်တစ်လလောက်တော့ သူ့အဖွဲ့သားတွေ ဝန်ထမ်းကောင်းဖြစ်ကြပေဦးမည်။ သူတို့၏အမှားလေးများကို ဦးကျော်လွင်အနေဖြင့် ရောက်စကတည်းက အမှန်ဖြစ်အောင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်တည့်မတ်ပေးခဲ့သည်။ ဒါကို သူတို့မသိကြ။ တကယ်တမ်း အထက်ကပြသမျှ နုခဲ့ရသည်က ဦးကျော်လွင်ဖြစ်၏။

(၅)

ညနေငါးနာရီခွဲမှ ရုံးဆင်းနိုင်သည်။ ဂိတ်ပေါက်ရောက်တော့ နံနက်ကလန်းရွှင်နေသော ပန်းမန်လေးများက သခင်ပျောက်နေပုံရသည်။ နွေနေ၏လောင်းရိပ်အောက်မှာ အညှိုးညှိုးအရော်ရော်။

"ဦးတင်ဖေ...ဦးတင်ဖေ"

ဂိတ်တံခါးကြီးပိတ်နေသောကြောင့် ဦးတင်ဖေကို ခေါ်မိသည်။ ဂိတ်တဲနောက်မှ အစောင့်ထွက်လာသည်။ ဦးတင်ဖေတော့မဟုတ်။

"ဦးတင်ဖေက မနက်ဂျူတီလေဆရာ၊ ကျွန်တော်က နေ့လယ်ပိုင်း"

နေ့ဆိုင်းတာဝန်ထမ်းဆောင်မည့် ဦးသောင်းငွေကို တွေ့ရသည်။ တံခါးဖွင့်ပေးစဉ် သူ့ထံမှ ချဉ်စုတ်စုတ်အနံ့က ထောင်းခနဲ မေးသိုင်းကြိုးအောက်သို့ တိုးဝင်လာ၏။ တံခါးအပြင်ဘက်မှာတော့ ဂိတ်အဝင်ပေါက်မှာစိုက်ထားသည့် ကျွန်းပင်များမှ ရွက်ကြွေများက ဟိုသည်ပြန့်ကြဲလျက်။ ဂိတ်အပြင်ရောက်ရောက်ချင်း စက်ရုံအဝင်ပေါက် ဒေါ်အုံးကြည်ဆိုင်မှ အကြော်နံ့သင်းသင်းနှင့်အတူ အကြော်ဆိုင်ရှေ့မှ ရေဆိုင်းထမ်းပုံးနှစ်ပုံးနှင့် ဦးတင်ဖေကိုပါ တွေ့လိုက်ရသည်။

"ဟား ဆရာ ရုံးဆင်းလာပြီလား"

"အေးဗျာ ဒါနဲ့ဦးတင်ဖေ ရေပုံးတွေနဲ့ ဘယ်သွားမလို့တုံးဗျ"

"ဂိတ်က ပန်းပင်လေးတွေ ရေလောင်းရမယ်လေဆရာရဲ့"

"ဦးတင်ဖေက မနက်ဂျူတီဆို၊ နေ့ဂျူတီသမားက ရေလောင်းရမှာ မဟုတ်ဘူးလား"

"သောင်းငွေက ဂိတ်တံခါး အဖွင့်အပိတ်လုပ်ရုံ၊ အဝင်အထွက်မှတ်ပုံတင်ရုံကလွဲပြီး တခြားစိတ်မဝင်စားဘူး ဆရာရဲ့။ ကျွန်တော်လဲ အစတုန်းကတော့ ပြောပါသေးတယ်။ ဒါပေမဲ့ သူကမှ မလုပ်ချင်တော့ နောက်ထပ် ပြောမနေတော့ပါဘူးဆရာရယ်။ ကျွန်တော်ကတော့ သမီးကြောင့် ဒီစက်ရုံမှာ အလုပ်ရတယ်။ အလုပ်ရလို့ မိသားစုတစ်ဖက်တစ်လမ်းက စားဝတ်နေရေးအဆင်ပြေတယ်။ ထမင်းကျွေးတဲ့ အလုပ်မို့ ဒီစက်ရုံအပေါ်မှာ ကျေးဇူးရှိသလို ခံစားရတယ်။ ဒါကြောင့် ဒီစက်ရုံရဲ့ လုံခြုံရေးအပြင် သာယာလှပဖို့ကို ကိုယ်တတ်နိုင်သလောက် ပြန်ထမ်းဆောင်ပေးနေတာပါ။ တခြားဘာမှတော့ မျှော်လင့်ချက်မရှိပါဘူးဗျာ"

"လေးစားပါတယ် ဦးတင်ဖေရယ်။ ဒီစက်ရုံမှာ ခင်ဗျားလိုလူမျိုးတွေ အများကြီးလိုတာတော့ အမှန်ပဲ"

"ဆရာကတော့ နောက်တော့မယ်ဗျာ၊ ကျွန်တော် အခုလိုအတွေးတွေရတာက ဆရာ့ကြောင့်ပါ"

"ဗျာ"

ယခုတစ်ခါတော့ ဦးကျော်လွင် မျက်လုံးပြူးသွားရပါလေပြီ။ ဦးတင်ဖေကိုလည်း ထူးထူးဆန်းဆန်းကြည့်မိသည်။

"မအံ့သြပါနဲ့ဆရာရယ်။ ဆရာနဲ့ကျွန်တော်က ဒီစက်ရုံမှာ ရှေ့ဆင့်နောက်ဆင့်ရောက်လာတဲ့သူတွေပါ။ ဆရာ့ထက် ကျွန်တော်က တစ်ပတ်ပဲစောတာပါ"

ဦးတင်ဖေပြောသည်မှာ မှန်ပါသည်။ မိမိတို့နှစ်ယောက်က ဤစက်ရုံမှာ တာဝန်ထမ်းဆောင်မှုသက်တမ်းသိပ်မကွာကြ။

"ဆရာ့ရဲ့ အလုပ်အပေါ်မှာထားတဲ့စေတနာ၊ တာဝန်ကိုကျေပွန်ချင်တဲ့စိတ်ဓာတ်တွေကို အားကျခဲ့ပြီး အတုယူခဲ့တာပါ။ ကျွန်တော်ပိုလေးစားတာက နောက်ထပ် ရာထူးတက်လမ်းမရှိတော့တာတောင် ဆရာက အလုပ်အပေါ်မှာချစ်မြတ်နိုးပြီး ဝန်ထမ်းကောင်းစိတ်နဲ့ သစ္စာရှိနေတာကိုပါ"

ဦးတင်ဖေ၏ မျက်ဝန်းများထဲတွင် အထက်လူကြီးတစ်ဦးကို လောကွတ်ပိုစွာပြောနေသည့် အရိပ်အယောင်မျိုးမတွေ့ရ။ သူ့နှလုံးသားထဲက အရှိတရားများကို လှစ်ထုတ်ပြနေမှန်းပေါ်လွင်နေသည်။

"နေ့တိုင်းနေ့တိုင်း ဂိတ်တံခါး အဖွင့်အပိတ်လုပ်ရင်း အနီးကပ်ဆုံးမြင်နေရတဲ့ အသိုက်အဝန်းကျဉ်းကျဉ်းလေးထဲမှာပဲ သစ္စာမဲ့နေသူတွေအများကြီးမဟုတ်လား ဆရာရဲ့။ ကျွန်တော်ကတော့ အဲဒီလိုမဖြစ်ချင်ပါဘူးဆရာရယ်။ ကဲ...သွားအုံးမယ်ဆရာရေ၊ အပင်လေးတွေမျှော်နေရှာမယ်"

ဂိတ်စောင့်ကြီးဦးတင်ဖေထံမှရသည့် သစ္စာတရားဒဿနများကို မိမိဌာနထဲက ဝန်ထမ်းများ တစ်စိတ်တစ်ပိုင်းမျှဖွဲ့ယူနိုင်ကြလျှင် မည်မျှကောင်းလိုက်လေမည်နည်းဟူသောအတွေးဖြင့် ဦးကျော်လွင် မျှော်ရည်စိတ်ကူးကြည့်မိသည်။ အတွေးနှင့်အတူပေါ်လာသည်က အပျိုကြီးနှင့် ဦးခင်မောင်။

ယခုအချိန်ဆိုလျှင်တော့ ညနေ ၄ နာရီခွဲက ရုံးဆင်းသွားကြသည့် ဦးခင်မောင်က အိမ်အလုပ်တွေလက်စသတ်ကူပြီး တစ်ခွက်တစ်ဖလားအတွက် ပြင်ဆင်နေတော့မည်။ ပြီးလျှင် တစ်လိုင်းလုံးကြားအောင် ဘုရားစာတွေဆိုပြလိမ့်ဦးမည်။ ညပိုင်းမှာတော့ သူကြိုက်သည့်ဘောလုံးပွဲများ ထကြည့်ဦးမှာဖြစ်ပြီး နံနက်မှာတော့ ထုံးစံအတိုင်း ရုံးခန်းထဲနောက်ဆုံးမှရောက်လာဦးမည်မှာမလွဲ။

နောက်တစ်ဦး အပျိုကြီး ဒေါ်အေးအေးဝင်းကတော့ ယခုအချိန်ဆိုလျှင်ရုံးမှာဘယ်လူကြီးကဘယ်လိုပညာပြကြောင်းအပါအဝင် ပို့စ်ဘယ်နှခုလောက်များတင်နေပြီးပြီလဲမသိ။ သူတင်သမျှ ပို့စ်တိုင်းမှာတော့ သူသည်သာ ထာဝရဝန်ထမ်းကောင်း။

နောက်ဆုံးမှာတော့ ရုံးဆင်းချင်ဇောနှင့်အိမ်မှာ လက်စသတ်ခဲ့မယ်ဆိုပြီး သူတို့နှစ်ဦးယူသွားသည့် လုပ်လက်စဖိုင်တွဲတွေက မနက်ဖြန် မနက်စောစောထိ အယွင်းအရာမပျက် ဤအတိုင်းပဲ ပြန်ပါလာကြဦးမှာ မြေကြီးလက်ခတ်မလွဲ။ ထို့နောက် မရိုးနိုင်သော ဖြေရှင်းချက်များဖြင့် မပြီးစီးခဲ့သောအိမ်စာများကို စာရေးလေးများမှတစ်ဆင့် ဦးကျော်လွင်ထံ မိတ္တူပေးကြပေဦးမည်။

အိမ်အပြန်လမ်းထက် ဦးတင်ဖေ၊ ဦးခင်မောင်နှင့် အပျိုကြီးဒေါ်အေးအေးဝင်းတို့ပုံရိပ်များက သစ္စာတရား၏အနှစ်သာရကို တစ်လှည့်စီဖော်ကျူးနေသည့် ပမာ ဦးကျော်လွင်၏အာရုံတွင် ကပ်ငြိလို့သာဖြစ်၏။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၅၄၄၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငှက်ပျောစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၅၄၄၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၆၆၂ ဧက၊ အင်းတော်မြို့နယ်တွင် ၈၂၇ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၇၉၃ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၁၆၅ ဧက စုစုပေါင်း ၅၄၄၇ ဧက ဖြစ်ပြီး အဆိုပါစိုက်ပျိုးမှုကို မေလ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ငှက်ပျော ၅၄၄၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဒီလနောက်ဆုံးပတ်မှာ စတင်စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့လဲ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ လျာထားဧကထက်တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**မြောင်းမြ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါး ၁၂၉၂၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းကို ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀၄ ဒသမ ၆၁ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၂၉၂၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့စပါးခင်းတွေ ယနေ့မှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့ စပါးတွေက အထွက်နှုန်းကောင်းသလို အရည်အသွေးလဲ ကောင်းမွန်ပါတယ်။ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် စပါးအထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# တောင်တွင်းကြီးမြို့နယ် ချင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**တောင်တွင်းကြီး မေ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးသီတာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လုပ်ငန်းများ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ချင်းကုန်းကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ်၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ သန်း စုစုပေါင်း ငွေကျပ် သန်း ၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းရာနှုန်းပြည့် ပြီးစီးပါက ချင်းကုန်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ ရာသီမရွေး သွားလာရလွယ်ကူလာမည် ဖြစ်ကြောင်း ဦးစီးအရာရှိဒေါ်စိုးသီတာထံမှ သိရသည်။

နွံ့ယဉ်

## လနယုန်

- လနယုန်တွင် မိုးလေဆင်၍ ရှစ်ခွင်ရပ်တိုင်း မိုင်းခဲ့ပြီ၊
- လနယုန်တွင် မုတ်သုံဝင်လျက် ကောင်းကင်မိုးသား ထွားခဲ့ပြီ။
- လနယုန်တွင် မြသွေးဆင်ဖို့ မြတ်ပင်သားမွေး ထွေးခဲ့ပြီ။
- လနယုန်တွင် ထွန်ထယ်ပြင်၍ လုပ်ခွင်လယ်ယာ ဖြာတော့မည်။
- လနယုန်တွင် ဖူးငုံဆင်လျက် ငွေသွင်စံပယ် ကြွယ်တော့သည်။
- လနယုန်မှာ ဝသန်ခါမိုး သွန်းကာဖြိုးလျက် ထွက်တိုးရိက္ခာ သာထက်သာရန် ဖွဲ့အားမာန်နှင့် ထက်သန်လုံ့လ လုပ်ငန်းစပြီ ဖွေးလွှစံပယ် လှိုင်ဆဲကို...။ ။

မန်းတင့်မော်

# သာစည်မြို့နယ် မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**သာစည် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မကျီးရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၆၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၅ ဒသမ ၆၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၉ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’



ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

## Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊

ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆




## “ဗုဒ္ဓဘာသာ ရောင်ဝါနေသို့ လင်းပြီး အရှည်တည်တံ့ပါစေသော်...”

ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု) ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းသည် စစ်ကိုင်းတိုင်းဒေသကြီး နာဂတောင်တန်းဒေသ လဟယ်မြို့နယ် ဟွေထိုက်ကျေးရွာ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက် ဇယသိဒ္ဓိ(ကျင်နို)ကုန်းတော်၌ အသစ်တည်ကိုးကွယ်မည့် မဟာဗောဓိအလိုတော်ပြည့်စေတီကို တည်ထားမည်ဖြစ်ပါသည်။ ယင်းစေတီသည် သိန်း ၄၀၀ ကျပ် ကုန်မည်ဖြစ်ပြီး တစ်ဦးတည်းမှ မစွမ်းဆောင်နိုင်ပါက အရံစေတီ လေးဆူ၊ တစ်ဆူလျှင် ငွေကျပ်သိန်း ၂၀၊ မုတ်တော် ရှစ်ခု၊ ရုပ်ပွား ရှစ်ခု တစ်မုတ်၊ တစ်ဆူ ၁၅ သိန်း၊တံခွန်တိုင် ၁၈ ပေ ၂၅ သိန်း၊ ၁၈ ပိဿာခေါင်းလောင်းနှင့် တိုင် ၂၅ သိန်း၊ ငါးပေ မဟာရံတံတိုင်း ၄၄ ခန်း တစ်ခန်း နှစ်သိန်း၊ ၁၈ ပေ ရင်ပြင်တော်အတွက် တစ်ကျင်း တစ်သိန်း၊ အဝင်မုခ်တော်ကြီးတစ်ခု သိန်း ၃၀ ကျပ်ဖြင့် လှူဒါန်းပါဝင်နိုင်ကြောင်း နှိုးဆော်ပါသည်။

**လှူဒါန်းကုသိုလ်ပြုလိုပါက လှူဒါန်းရန်ဌာန -** ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဦးလှဝင်း(ဥက္ကဋ္ဌ)
၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး၊ ဖုန်း ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၄၄၂၀၇၄၄၆၆။

## အစုရှယ်ယာမတည်ငွေရင်းလျှော့ချရန် အထွေထွေအစည်းအဝေး ခေါ်ယူမည့် ရည်ရွယ်ချက်အား အများသိစေရန် ကြေညာခြင်း

မြန်မာသန့်တည်ကုမ္ပဏီလီမိတက်(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၃၄၉၆)သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇) ပုဒ်မ ၁၁၆ နှင့် ၁၁၇ တို့နှင့်အညီ ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို လျှော့ချရန်အတွက် အထွေထွေအစည်းအဝေးခေါ်ယူ၍ အတည်ပြုဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါအစည်းအဝေးခေါ်ယူမည့်အဆိုပြုအကြောင်းကြားစာနှင့် ပူးတွဲစာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိ (ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန-DICA)ထံသို့ သွားရောက်တင်ပြအပ်နှံထားပြီးဖြစ်ပါသည်။

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊လေ့ကျင့်ရေးအလယ်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သော Grade-9 မှ မောင်ဝိုင်းပြည့်စုံဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းသိန်းဦး ဖြစ်ပါသည်။

ဦးထွန်းသိန်းဦး (၅/စကန(နိုင်)၀၇၂၀၆၃)

**သစ်တောနဲ့သစ်ပင်**
**ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**အိမ်ပြင်ပဌ္ဌထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၊ တောင်ကြီးတပ်နယ်နှင့် ဆီဆိုင်၊ ဘန်းယဉ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို သီးခြားစီတွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၁၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများလိုက်ပါ၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူးက စာမျက်နှာ ၁၆ ကော်လံ ၁ ☆




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အဖွဲ့များမှ အဖွဲ့ဝင် ၃၁၂ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



နေပြည်တော် မေ ၁၉

နိုင်ငံတော်အစိုးရသည် PDFအပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး စာမျက်နှာ ၂၂ ကော်လံ ၁ ❑

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးကို ဆုကြေးငွေ ပေးအပ်စဉ်။

**နိုင်ငံခြားသားခရီးသွားများ မြန်မာနိုင်ငံ၏ ခရီးသွားဒေသများ ပိုမိုသိရှိလည်ပတ်နိုင်စေရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်** စာမျက်နှာ - ၂၄

**ရေကြောင်းလှူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်နှင့် လှိုင်မြို့နယ်ရှိ ချူကာလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ** စာမျက်နှာ - ၂၃

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257